# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၀)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (25-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ရေယာဉ်များက ချီတက်အလေးပြုကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့သားကောင်းရတနာများအဖြစ် ဘဝကိုဖြတ်သန်း

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအနေအထားအရ အလွန်အရေးပါသောနေရာတွင် တည်ရှိနေသောကြောင့် ကမ္ဘာကြီးတွင်လက်ရှိဖြစ်ပေါ်နေသော စစ်ရေး၊ နိုင်ငံရေးအခြေအနေများကို ခေတ်နှင့်အညီ တုံ့ပြန်နိုင်စွမ်းရှိသော ကာကွယ်ရေးအင်အားစုများ မဖြစ်မနေလိုအပ်လျက်ရှိသည်။ နိုင်ငံအတွက် ခိုင်မာသော ကာကွယ်ရေးအင်အားဖြစ်သည့် စည်းကမ်းနှင့်စိတ်ဓာတ်ကောင်းမွန်သော လူငယ်လူရွယ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်သော လူငယ်လူရွယ်များ ထွက်ပေါ်လာရန်၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းနိုင်ရန်အလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အာဏာတည်ရန် သတ်မှတ်ဖော်ဆောင်ခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်ပြီးနောက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈) ထိ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရန် ပြည်သူ့စစ်မှုထမ်းသင်တန်းကျောင်းများသို့ လာရောက်ကြသည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အောင်သပြေများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည့်အပြင် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်း၊ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး နှုတ်ဆက်အားပေးကြခြင်း မြင်ကွင်းများသည် မြင်ရသူတိုင်း ကြည်နူးဂုဏ်ယူကြရပေသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို သင်တန်းပြီးဆုံးပါက တပ်မတော်အတွင်း အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး ကျရာတာဝန်များကို စည်းကမ်း၊ စိတ်ဓာတ်ကောင်းများဖြင့် ကျေပွန်အောင်ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထို့ပြင် စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်၊ အထွေထွေဘာသာရပ်များကိုလည်း အဆင့်ဆင့်သင်ကြားပို့ချပေးခဲ့သည်။

ထို့ကြောင့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာတစ်ဦးသည် သင်တန်းဆင်းပြီးပါက ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ရဲဘော်ရဲဘက်စိတ်များ အပြည့်ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ တာဝန်ထမ်းရွက်နိုင်တော့မည်ဖြစ်သည်။ ထို့ပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အရင်းခံပြီး မွန်မြတ်သည့်စိတ်များဖြင့် တပ်မတော်၏ကောင်းမြတ်သော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တပ်မတော်၏ဂုဏ်ကိုလည်း မြှင့်တင်နိုင်မည့် အခွင့်အရေးကို အခွင့်အလမ်းများအဖြစ် ရဲရဲဝံ့ဝံ့ ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ဖွင့်လှစ်ထားသော ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ခဲ့သူ နိုင်ငံ့သားကောင်းရတနာများသည် စစ်ပညာကို တိကျသေချာစွာလေ့ကျင့်သင်ကြားခဲ့ရသည့်အတွက် စည်းကမ်းစနစ်ကျနသော စစ်သည်ကောင်းတစ်ဦးဖြစ်လာပေမည်။ ပြည်သူ့စစ်မှုထမ်းတာဝန်များ ထမ်းဆောင်ခြင်းဖြင့် ပြည်သူ့အတွက် ဖြောင့်မတ်မှန်ကန်သူ၊ ရဲရင့်ပြတ်သားသူများဖြစ်လာပေမည်။ နိုင်ငံအတွက်လည်း မျိုးချစ်စိတ်ရှိသူ၊ နိုင်ငံချစ်စိတ်ရှိသူများလည်း ဖြစ်လာပေမည်။ သို့ပါ၍ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းရတနာတစ်ပါးအဖြစ်လည်းကောင်း၊ တန်ဖိုးရှိ နိုင်ငံသားအဖြစ်လည်းကောင်း၊ ဘဝတစ်လျှောက် ဂုဏ်သိက္ခာရှိရှိဖြတ်သန်းရပ်တည်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတွင် ဝမ်းမြောက်ကျေနပ်ဂုဏ်ယူစွာ ပါဝင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့တွင် နှစ်သစ်ကူးညပျော်ပွဲရွှင်ပွဲများကျင်းပနိုင်ရေးနှင့် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး



**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးမြို့တွင် နှစ်သစ်ကူးည ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် နှစ်သစ်ကူးပြောင်းခြင်းကို နိုင်ငံသူ၊ နိုင်ငံသားများက ညဥ့်နက်သန်းခေါင်ယံထိ စောင့်ဆိုင်း၍ နှစ်သစ်ကိုကြိုဆိုခြင်းအထိမ်းအမှတ်ပျော်ရွှင်ဖွယ်ရာများနှင့်အတူ ကြိုဆိုကြကြောင်း၊ မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုခြင်း၏အနှစ်သာရကို မန္တလေးမြို့သူ၊ မြို့သားများ၊ ပြည်သူလူထုများ၊ အနုပညာရှင်များ၏ မြူးကြွသည့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ အေးချမ်းပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲနိုင်မည့် အစီအစဉ်များ၊ နှစ်သစ်ကူး Countdown ကို အတူရေတွက်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေချထားပေးပြီးဖြစ်ကြောင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၇၇၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၇၇၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၇၄ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၇၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငရုတ် ၁၉၇၄ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၇၇၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၇ ကေ၊ ဘုတလင်မြို့နယ်တွင် ၃၂၅ ကေ၊ အရာတော်မြို့နယ်တွင် ၂၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ၉၉၇ ကေ စုစုပေါင်း ၁၇၇၆ ကေ ဖြစ်ကြောင်း၊ မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၆၁၀၊ ဘုတလင်မြို့နယ်တွင် ကေ ၃၂၀၊ အရာတော်မြို့နယ်တွင် ၃၅ ကေ၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၉ ကေ စုစုပေါင်း ၁၉၇၄ ကေဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ငရုတ်အထွက်တိုးစေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မိကျောင်းကွမ်းဖတ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မိကျောင်းကွမ်းဖတ် ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက မိကျောင်းကွမ်းဖတ် ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ မိကျောင်းကွမ်းဖတ် ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလအတွင်း မိကျောင်းကွမ်းဖတ် ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် အခြားဈေးကွက်တွေကို တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။ တင်ပို့ရောင်းချမှုကောင်းလာတော့ သိုလှောင်ထားတဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ မိကျောင်းကွမ်းဖတ်တွေက ဆောင်းနဲ့နွေကာလမှာ အရောင်းအဝယ်အကောင်းဆုံးဖြစ်ပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတာက လက်ကျန်ကုန်ပစ္စည်းတွေပါ"ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးစပ်သည့် ကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ် တစ်ဧကစိုက်ပျိုးပါက ပျမ်းမျှအထွက်နှုန်း ၁၇ တင်းမှ ၂၄ တင်းထိ ထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလ တစ်လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံဆန်အမျိုးအစားက အခြားအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ကျားပျံဆန်တွေကို အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျားပျံဆန်များ အရောင်းအဝယ်ကောင်းမွန် လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေကြည်မြို့နယ် ညောင်ပင်သာ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ရေကြည် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာ(န) ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်စီမံကိန်းရန်ပုံ ငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဇော်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်သာ(န)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# မန္တလေးတိုင်းဒေသကြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ MRCCI ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးလုပ်ငန်းများ နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်နေရသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာမူဝါဒကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စီးပွားရေးကျင့်ဝတ်နှင့် အညီလိုက်နာဆောင်ရွက်မှသာ ရေရှည်ကူးသန်းရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရရှိမှာပင်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့်ဖိတ်ကြားထားသူများ စုစုပေါင်း ဦးရေ ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# စလင်းမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဘုံသာကျေးရွာအုပ်စု သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သာစည်ကျေးရွာ၌ ယခုဒုတိယနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ကြသည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၈၅ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**သန်းသန်းစိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၅ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တန့်ဆည်မြို့နယ်မှာ ထောပတ်ပဲကို လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ တချို့တောင်သူများက အပိုဝင်ငွေရရှိစေရန် အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးကြသော တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရန်နှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထားသည့်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစွာ ရရှိနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ရာဇကုမာရ်ကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများ အနက် ရာဇကုမာရ်ကျောက်စာ သို့မဟုတ် မြစေတီ ကျောက်စာကို အထင်ရှားဆုံးဟုဆိုနိုင်မည်ဖြစ်သည်။ ကျန်စစ်သားမင်းကြီးနှင့် ရာဇကုမာရ်တို့၏ဖြစ်စဉ် မှတ်တမ်းများကို ဘာသာစကား လေးမျိုးဖြင့် ရေးထိုး ထားသည့် ထိုကျောက်စာသည် မြန်မာစာပေနယ်ပယ် တွင်သာမက ကမ္ဘာသို့ပင်ကျော်ကြားထင်ရှားခဲ့သည်။

ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်အုပ်ချုပ် ရေး၊ လူမှုရေး၊ စီးပွားရေး၊ သာသနာရေး၊ စာပေ၊ ကျွန် ရွာပေးခြင်း၊ ဘုရားပုထိုးတည်၍ ဆင်းတုတော် ဌာပနာခြင်း၊ ကျောက်စာရေးထိုးခြင်း၊ ကောင်းမှု ကုသိုလ်ကို ရေစက်ချလှူဒါန်း၍ ဆုတောင်းခြင်း၊ ဘုရားပုထိုးများသို့ ကျွန်များလှူခြင်း၊ နှိပ်စက်သူ များကို ကျိန်စာပေးခြင်း စသည်ဖြင့်အစဉ်အလာနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ရာတွင် များစွာအထောက် အပံ့ဖြစ်ခြင်းကြောင့် ကုလသမဂ္ဂပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို )က ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် အသိအမှတ်ပြုခဲ့သည်။

**ရာဇကုမာရ်ကျောက်စာ နှစ်ချပ်**

ရာဇကုမာရ်ကျောက်စာသည် နှစ်ချပ်ရှိ၍ နှစ်ချပ် လုံးသည် မူလထိုးကျောက်စာများဖြစ်ကာ ရေးထိုး ထားသည့်စာသားများသည် ထပ်တူဖြစ်သည်။ ကျောက်စာတစ်ချပ်ကို ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင်ပြသထားပြီး ကျန်တစ်ချပ်ကို မြစေတီ ဘုရားရင်ပြင်ပေါ်ရှိ ကျောက်စာရုံတွင် ထိန်းသိမ်း ပြသထားသည်။ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည့် ရာဇကုမာရ်ကျောက်စာသည် အကောင်းပကတိဖြစ်၍ မြစေတီဘုရားရင်ပြင်ပေါ်မှ ကျောက်စာမှာမူ ဆက်ထားသောသုံးပိုင်းကျိုး ကျောက်စာဖြစ်သည်။

ဗြိတိသျှကိုလိုနီခေတ် ကမ္ဘည်းကျောက်စာဌာန အရာရှိ ပါဠိပါမောက္ခ ဒေါက်တာအီးဖော်ချားမား(Dr.E Forchmmer) သည် ဘာသာလေးမျိုးဖြင့် ရေးထိုး ထားပြီး မျက်နှာလေးဖက်ပါရှိသည့် ကျောက်စာ တစ်ချပ်ကို ၁၈၈၆ ခုနှစ်တွင် မြစေတီမြောက်ဘက် အနီးဂူဘုရားပျက်မှ တွေ့ရှိခဲ့သည်။ ထိုကျောက်စာကို မြစေတီဘုရား၌ရရှိခဲ့သောကြောင့် မြစေတီ ကျောက်စာဟုအမည်ပေးခဲ့သကဲ့သို့ ကျောက် စာရေးထိုးသူ ရာဇကုမာရ်မင်းသားကိုအစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်း ထင်ရှားခဲ့သည်။ ဒေါက်တာအီးဖော်ချားမားတွေ့ရှိခဲ့သည့် ကျောက်စာ နှင့်ထပ်တူ ရေးထိုးထားသည့်ကျောက်စာထက်ပိုင်း ကျိုးသုံးခုကို မြင်းကပါဂူပြောက်ကြီးဘုရားအနီးမှ တစ်ခု၊ မြစေတီ၏ပြိုပျက်နေသော မဟာရံတံတိုင်းမှ တစ်ခု၊ မြစေတီ၏ အရှေ့ဘက်ခြေရင်းတွင်ကပ်လျက် ရှိနေသည့် ပိဋကတ်တိုက်ဟုယူဆရသည့် အဆောက် အအုံဟောင်းအတွင်းမှတစ်ခု ၁၉၀၄ ခုနှစ်က ရရှိခဲ့ သည်။ ၁၉၇၆ ခုနှစ်တွင် မြစေတီဘုရားရင်ပြင်ပေါ်၌ ကျောက်စာတိုက်ဆောက်လုပ်၍ ထိုကျောက်စာ ပိုင်းသုံးခုကို ဆက်စပ်ပြီးထိန်းသိမ်းပြသထားသည်။

**ရာဇကုမာရ်ကျောက်စာ**

ရာဇကုမာရ်ကျောက်စာနှစ်ချပ်သည် အကြောင်း အရာတစ်ခုတည်းကို ဘာသာစကား လေးမျိုးဖြင့် ရေးထိုးထားရာ မွန်၊ မြန်မာနှင့် ပါဠိဘာသာသုံးမျိုးတွင် အက္ခရာတစ်မျိုးတည်းဖြစ်၍ ပျူဘာသာတွင် အက္ခရာများကသီးခြားဖြစ်ကာ အိန္ဒိယနိုင်ငံအနောက် တောင်ပိုင်းတွင် သုံးစွဲခဲ့သည့် ကဒမ္ဗအက္ခရာမှ ဆင်းသက်လာသည့် စာလုံးများဟုယူဆကြသည်။

မြန်မာစာပေပညာရှင်များက မွန်၊ မြန်မာနှင့် ပျူ အက္ခရာများသည် အိန္ဒိယနိုင်ငံတွင် သုံးစွဲခဲ့သည့် ကဒမ္ဗ၊ ပလ္လဝ၊ ဗြာဟ္မီနှင့် ဗြာဟ္မီပွားအက္ခရာများနှင့် ဆက်နွှယ်မှုရှိသည်ဟုယူဆကြသည်။ ကျောက်စာပါ အကြောင်းအရာများကို တစ်ဘာသာနှင့် တစ်ဘာသာ ဆက်စပ်၍ပျူဘာသာစကားတချို့ကို အဓိပ္ပာယ်ဖော်နိုင် ခဲ့သည်။ ရေးထိုးထားသောအက္ခရာစာလုံးများသည် ပုဂံခေတ်သုံးလေးထောင့်၊ မန်ကျည်းစေ့ပုံများဖြစ်သည်။

ရာဇကုမာရ် ကျောက်စာကို ။ ဂြီ ။ နမောဗုဒ္ဓါယ၊ ပုရှာသ္ခင် သာသနာအနှစ် တစ်ထောင်ခြောက်ချာ နှစ်ဆာယ်ဟောတ် နှစ်လောန် လိယ်ဗြီရကာ ။ ဤယ် အရိမဒ္ဒနပုရ် မည်သုပြည် နိုက်အာ။ ဂြီတြိဘုဝနာ ဒိတျ ဓမ္မရာဇ် မည်သုမင်ဖွလ္ဍအော်။ ထိပ်မင်အော် ပာယ်မယာတဟု အစချီလျက် စာကြောင်း ၃၉ကြောင်း ရေးထိုးထားသည်။ သက္ကရာဇ် ၄၇၅ ခုနှစ် (ခရစ်နှစ်




၁၁၁၃ ခုနှစ်) ၌ရေးထိုးခဲ့သည့် ထိုကျောက်စာသည် မြန်မာအက္ခရာသုံး ကျောက်စာများအနက် ရေးထိုး သည့် ခုနှစ်ပါရှိသော အစောဆုံး မူလထိုးကျောက် စာဖြစ်သည်။

သက္ကရာဇ် ၄၄၆ ခုနှစ်တွင် ကျန်စစ်သားသည် ပုဂံဘုရင်ဖြစ်လာခဲ့ပြီး အရိမဒ္ဒနပုဂံတွင် ၂၈ နှစ် မင်းပြု ပြီးကွယ်လွန်ခဲ့သည်။ ကျန်စစ်သားမင်းမကွယ်လွန်မီ မိဖုရား တြိလောကဝင့်သကာဒေဝီ၏ သားတော် ရာဇကုမာရ်က ရွှေဘုရားတစ်ဆူကို မင်းကြီးအား ပေးခဲ့သည်။

ရာဇကုမာရ်သည် ရွှေအထွတ်ရှိသည့် ဂူဘုရား တစ်ဆူကို ရွှေအတိပြီးသည့် ဘုရားဆင်းတုတော်ကို ဌာပနာလျက် ပုဂံမြင်းကပါ အရပ်တွင် တည်ထားခဲ့ ကာ ကျွန်သုံးရွာကိုလှူခဲ့သည်။ ထိုဂူဘုရားသည် မြစေတီနှင့်ကပ်လျက်တည်ရှိနေသော ဂူပြောက်ကြီး ဘုရားဖြစ်ကြောင်း ပညာရှင်များက ယူဆကြသည်။ ထိုအလှူမှတ်တမ်းကိုရေးထိုးသည့် ကျောက်စာသည် ရာဇကုမာရ်ကျောက်စာဖြစ်သည်။

**ရာဇဝင်ထဲက ရာဇကုမာရ်**

မြန်မာရာဇဝင်များအရ ကျန်စစ်သားမင်းသား သည် အနော်ရထာဘုရင်လက်ထက်တွင် အနော် ရထာမင်း စိတ်အခန့်မသင့်သဖြင့် ကြောင်ဖြူအရပ် တွင် ပုန်းရှောင်နေခဲ့စဉ် ရှင်မထီးတူမ သမ္ဘူလနှင့် ပေါင်းဖက်ခဲ့သည်။ အနော်ရထာမင်း ကံကုန်တော်မူ ပြီး စောလူးမင်းနန်းတက်သောအခါ ကျန်စစ်သား သည် ပုဂံသို့ပြန်လာချိန်၌ သမ္ဘူလသည် ပဋိသန္ဓေနှင့် ကျန်ရစ်ခဲ့သည်။ ကျန်စစ်သားက သမ္ဘူလအား ပတ္တမြားလက်စွပ်ကိုပေးခဲ့ကာ သားယောကျ်ားလေး ဖွားမြင်ပါက လက်စွပ်ကို သက်သေပြလျက် ပုဂံ သို့လိုက်လာရန် မှာကြားခဲ့သည်။ ကျန်စစ်သားသည် မြန်မာသက္ကရာဇ် ၄၄၆ ခုနှစ် (ခရစ်နှစ် ၁၀၈၄ ခုနှစ်) တွင် ပုဂံဘုရင်ဖြစ်လာခဲ့သည်။ ကျန်စစ်သားမင်းဖြစ် ပြီး နှစ်နှစ်အကြာ၌ သမ္ဘူလသည် ပတ္တမြားလက်စွပ် ကို ယူဆောင်လျက် အသက်ခုနစ်နှစ်ရှိပြီဖြစ်သော သားဖြစ်သူ ရာဇကုမာရ်မင်းသားနှင့်အတူ ကျန်စစ် သားမင်းကြီးထံသို့ ရောက်ရှိလာခဲ့သည်။ မင်းကြီး သည် သမ္ဘူလ၏ကျေးဇူးများကို သတိရလျက် "သုံးလောက၏ဦးဆောက်ပန်း"ဟု အဓိပ္ပာယ်ရသည့် "တိလောက ဝဋ္ဋံသကာဒေဝီ" ဘွဲ့ဖြင့် မိဘုရားမြှောက် ခဲ့သည်။ သမ္ဘူလရောက်လာချိန်တွင် ကျန်စစ်သား မင်းကြီးသည် မြေးတော်အလောင်းစည်သူကို ဘိသိက်သွန်းကာ နန်းမွေခံအဖြစ် လျာထားပြီးဖြစ် သောကြောင့် ရာဇကုမာရ်သည် သားအရင်းဖြစ်ပါ လျက် ထီးနန်းကိုမရရှိခဲ့ချေ။

သို့သော်ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်တွင် ကျောက်စာများကို ကိုးကားပြုစုခဲ့သည့် တွင်းသင်း မြန်မာရာဇဝင်သစ်တွင် ကျမ်းပြုပုဂ္ဂိုလ် တွင်းသင်း မင်းကြီးက ဦးကုလားရာဇဝင်တွင် ပြဆိုခဲ့သည့် သမ္ဘူလသားအမိ ဇာတ်လမ်းကို အမှာစကားချပ်ဖြင့် ပယ်ခဲ့သည်။(ဒုတိယအကြိမ်ရိုက် တွင်းသင်းမြန်မာ ရာဇဝင်သစ် ပထမတွဲ၊ စာမျက်နှာ ၁၁၁)

သမိုင်းပညာရှင် ပါမောက္ခဒေါက်တာသန်းထွန်း က ကျန်စစ်သားသည် ခရစ်နှစ် ၁၀၈၄ ခုနှစ်တွင် ပုဂံဘုရင်ဖြစ်လာခဲ့ပြီး နှစ်နှစ်အကြာ ၁၀၈၆ ခုနှစ်၌ သမ္ဘူလနှင့် သားဖြစ်သူ ရာဇကုမာရ်တို့သည် ပုဂံသို့ ရောက်ရှိလာချိန်တွင် အလောင်းစည်သူကို နန်းလျာ ထားပြီးကြောင်း ရာဇဝင်ကဆိုသော်လည်း ခရစ်နှစ် ၁၁၀၅ ခုနှစ်ထိုး ကျောက်စာအရ အလောင်းစည်သူကို ၁၀၈၉ ခုနှစ်တွင် မွေးဖွားခဲ့သဖြင့် အများလက်ခံထား သည့် ရာဇကုမာရ်ဇာတ်လမ်းသည် ခိုင်လုံမှုမရှိ ကြောင်း သုံးသပ်ခဲ့သည်။

ရာဇကုမာရ်ကျောက်စာတွင် ရေးထိုးထားသော ပျူ၊ မွန်နှင့် မြန်မာစာသားများ၏အဓိပ္ပာယ်များသည် ထပ်တူထပ်မျှဖြစ်သော်လည်း ပါဠိဘာသာဖြင့်ရေးထိုး ထားသည့်အကြောင်းအရာများတွင် အချက်အလက် အနည်းငယ်ပိုနေကြောင်း ပါဠိပညာရှင်ဆရာကြီး ဦးကျော်ရှိန်က ထောက်ပြခဲ့သည်။ "ရာဇကုမာရော နာမ နာမတော"ဟုရေးထိုးထားခြင်းသည် "အမည် အားဖြင့် ရာဇကုမာရ်မည်သော"ဟု ဆိုလိုခြင်းဖြစ် ကြောင်းနှင့် "အမစ္စော၊ မဟာအမစ္စော"ဟု ဖော်ပြထား ခြင်းသည် ရာဇကုမာရ်သည် အမတ်တစ်ဦးဖြစ် ကြောင်း ထင်ရှားစေသည်ဟုဆိုသည်။

ကျောက်စာ လေးဘာသာလုံးတွင် ရာဇကုမာရ်ကို မိဖုရား၏သားဟုဖော်ပြထားသော်လည်း ကျန်စစ်သား ၏သားတော်ဟုဖော်ပြမထားခြင်း၊ ရာဇကုမာရ်က ကျန်စစ်သားကို ဖခင်၊ အဖ စသည်ဖြင့်မခေါ်ဝေါ်ဘဲ သခင်၊ အရှင်ဟုသာခေါ်ဝေါ်ခြင်းတို့ကြောင့် ကျောက်စာ ရှင် ရာဇကုမာရ်သည် ကျန်စစ်သား၏သားတော်ဖြစ် ကြောင်း အတိအကျဆိုနိုင်ရန် ခိုင်လုံသော အထောက် အထားများကို ကျောက်စာတွင် မတွေ့ရှိရကြောင်း ထောက်ပြခဲ့သည်။

**ရာဇကုမာရ်၏ ကျေးဇူးသိတတ်မှု**

မည်သို့ပင်ဖြစ်စေ ရာဇကုမာရ်သည် မြန်မာ သက္ကရာဇ် ၄၇၄ ခုနှစ် (ခရစ်နှစ် ၁၁၁၂ ခုနှစ်)တွင် ကျန်စစ်သားမင်းကြီး သေအံ့မူးမူးအချိန်၌ ဘုရားရှင် ရွှေဆင်းတုတော်ကို ပင့်ဆောင်လာကာ ဝါတော် ၂၀ ကျော် ဆရာတော် ခုနစ်ပါးထံမှောက်တွင် မင်းကြီး ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းစေခဲ့ကြောင်း ကား ပေါ်လွင်နေခဲ့သည်။

"သီရိ၊ နမော ဗုဒ္ဓါယ၊ ဘုရားသခင် သာသနာ အနှစ်တထောင်ခြောက်ရာနှစ်ဆယ်ရှစ်နှစ် လွန်လေ ပြီးရကား၊ ဤအရိမဒ္ဒနာပုရ်မည်သောပြည်၌ သီရိတြိ ဘဝနာဒိတျဓမ္မရာဇ် မည်သောမင်းဖြစ်၏။ ထိုမင်း၏ ပယ်မယား တစ်ယောက်သော်ကား တြိလောက ဝဋ္ဋံသကာဒေဝီမည်၏။ ထိုပယ်မယား သားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယား သေခဲ့ရကား ထိုပယ်မယား တန်ဆာနှင့် ထိုကျွန်သုံးရွာ သောနှင့် တည်း ထိုပယ်မယားသား ရာဇကုမာရ် မည်သောအား မင်းပေးတုံ၏။ ထိုမင်း အနှစ်နှစ်ဆယ်ရှစ်နှစ် မင်းမူ ပြီး၍ သေခမူနာသရောဌ်တည်း။ ထိုရာဇကုမာရ်မည် သောပယ် မယားသား မိမိကိုမွေးသော မင်းကြီး ကျေးဇူးကိုအောက်မေ့ရကား ရွှေအတိသော ဘုရား သခင်အဆင်းပြု၍ နပ်လေသရောတည်း ဤသို့မိန့် ၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသော တည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသည်ကား ဤရွှေ ဘုရားအား အတို့ကျွန်ပေး၏"ဟု ဆရာဇော်ဂျီ ၏ မြစေတီကျောက်စာ ဆောင်းပါးတွင် ကျောက်စာပါ စာသားတချို့ကို ကောက်နုတ်ပြခဲ့သည်။

ရာဇကုမာရ်သည် ထိုဂူဘုရားကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် သက်နုမုလွန်၊ ရပါယ်၊ ဟေန်ဗိုဝ် ဟူသည့်ကျွန်သုံးရွာကို လှူဒါန်းခဲ့ပြီး ကုသိုလ်အမှု တို့ကို ကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။ ကျောက်စာတွင် သဗ္ဗညုတဉာဏ်ပညာရအံ့သော အကြောင်းဖြစ်စေဟူသည့် ဆုတောင်းနှင့် မိမိလှူဒါန်း သောကျွန်များကိုနှိပ်စက်သူသည် အရိမေတ္တေယျဘုရား ကို မဖူးရပါစေနှင့်ဟူသည့်ကျိန်စာကိုဖတ်ရှုကြရသည်။

ပညာရှင်များက ရာဇကုမာရ် ကျောက်စာပါ စာသားများသည် ရှေးအကျဆုံး မြန်မာစကားပြေဖြစ် ပြီး ဘာသာဗေဒတန်ဖိုးမြင့်မားသကဲ့သို့ သမိုင်းဆိုင် ရာ ဆောင်ရွက်ချက်များကို ထင်ရှားစွာတွေ့မြင်ကြရ ကြောင်း သုံးသပ်ခဲ့ကြသည်။

လန်ဒန်တက္ကသိုလ်မှ ဒေါက်တာ ဘလက်ဒင်က ရာဇကုမာရ်ကျောက်စာကို အင်္ဂလိပ်ဘာသာသို့ပြန်ဆို ၍ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ဦးဖေမောင်တင်က မွန်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုကာ ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

နှစ်ပေါင်း ၉၀၀ ကျော်သက်တမ်းရှိပြီဖြစ်သည့် ရာဇကုမာရ်ကျောက်စာခေါ်မြစေတီကျောက်စာသည် မိမိကိုချီးမြှောက်ခဲ့သော ကျန်စစ်သားမင်းကြီးအပေါ် ကျေးဇူးသိခဲ့သည့် ရာဇကုမာရ်မင်းသား၏ မှတ်တမ်း တစ်ခုအဖြစ် ပုဂံခေတ် သမိုင်းတစ်စွန်းတစ်စကို ဖော်ညွှန်းလျက်ရှိနေပေသည်။

**ကိုးကား**

- **မြစေတီကျောက်စာ(ဇော်ဂျီ)**
- **တွင်းသင်းမြန်မာရာဇဝင်သစ်(ဦးထွန်းညို)**
- **ရာဇကုမာရ်ပြဿနာ(ဦးကျော်ရှိန်)**
- **ချစ်သူများကို အဆုံးစီရင်ခြင်း (မောင်ခင်မင် ဓနုဖြူ)**
- **ပုဂံခေတ် မြန်မာစာ(စောလူ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၅၇၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၅၇၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၇၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပြောင်းခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၈၉၄၉ ဧကနှင့် ဖူးစားပြောင်း ၄၆၂၆ ဧက စုစုပေါင်း ၂၃၅၇၅ ဧကထိ ရိတ်သိမ်းပြီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးစီးသည့် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၂ ဒသမ ၈၅ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၃၇၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၃၅၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၁၃ ဧက၊ ဖူးစားပြောင်း ၅၅၈ ဧက၊ ဆွမ္မရာမြို့တွင် ဖူးစားပြောင်း ဧက ၆၀၊ လဟယ်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၃၄၅ ဧက၊ ဖူးစားပြောင်း ၆၅ ဧက၊ ထန်ပါခွေမြို့တွင် အစေ့ထုတ်ပြောင်း ၁၆၀၅ ဧက၊ ဖူးစားပြောင်းဧက ၅၀၊ နန်းယွန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၄၃ ဧက၊ ဖူးစားပြောင်း ၃၁၈ ဧက၊ ဒုံဟီးမြို့တွင် အစေ့ထုတ်ပြောင်း ၆၇၂ ဧက၊ ဖူးစားပြောင်း ၃၂၃၆ ဧကနှင့် ပန်ဆောင်မြို့တွင် အစေ့ထုတ်ပြောင်း ၃၇၁ ဧက၊ ဖူးစားပြောင်း ၃၃၉ ဧက စုစုပေါင်း ၂၃၅၇၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။ (၂၀၆)

## ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝမ်းတွင်း ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## လှပဝေဆာဒီဇင်ဘာ

- ချစ်သောဒီဇင်ဘာ
နှင်းပဝါ ခြုံလွှမ်းလို့
ထုံမွှမ်းမာလာ၊
ကောင်းကင်က တိမ်ပြာပြာ
မြေလွှာမှာ မြရောင်စိမ်း၊
နေခြည်လာ အပူရောက်တော့
နှင်းပျောက်လို့တိမ်း။

- ချစ်သောဒီဇင်ဘာ
ငွေရောင်ဖြာ သဇင်ပန်းတို့
ပွင့်လန်းဝေဆာ၊
သစ်ခွပန်းတို့ အရောင်စုံစွာ
ပင်ယံမှာ လေယူတိမ်း၊
မွှေးရနံ့ဖြာ လှပုံထူးတယ်
ကခုန်လို့ယိမ်း။

- ချစ်သောဒီဇင်ဘာ
တိုင်းရှစ်ခွင် အေးမြလို့
ဝေးစွာဘယာ၊
စမ်းချောင်းတို့ သွင်သွင်ဖြာ
သာရကာ ကျေးငှက်မြူး၊
မြောက်ပြန်လေ ကလူန္ဒဲ့တယ်
နယ်ချဲ့လေရှူး။ ။

ရွှေတိုး(ထုံးဘို)


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

နိုင်ငံတကာ သတင်းများ

# ဆွစ်နိုင်ငံတကာလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ဩစတြီးယား၌ အရေးပေါ်ဆင်းသက်ခဲ့ရ




ဇူးရစ် ဒီဇင်ဘာ ၂၄

ဆွစ်နိုင်ငံတကာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် တစ်စင်းသည် ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့မှ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ပျံသန်းနေစဉ် ဩစတြီးယားနိုင်ငံ ဂရက်ဇ်မြို့လေဆိပ်၌ ယနေ့တွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ပျံသန်းနေစဉ် အင်ဂျင်ပြဿနာတစ်ရပ်ပေါ်ထွက်လာပြီး လေယာဉ်မောင်းခန်း၌ မီးခိုးများအူလာမှုကြောင့် ယင်းလေယာဉ်အနေဖြင့် ဂရက်ဇ်မြို့လေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ဆွစ်နိုင်ငံတကာလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဲဘတ်စ်အေ ၂၂၀ - ၃၀၀ အမျိုးအစား အဆိုပါခရီးသည်တင်လေယာဉ်ပေါ်တွင်ခရီးသည် ၇၄ဦး လိုက်ပါလာကြောင်း သိရသည်။

အရေးပေါ် ဆင်းသက်စဉ် အတွင်း လိုက်ပါလာသည့် ခရီးသည်များအနက် ၁၂ ဦးမှာ ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

သို့ရာတွင် လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရပြီးနောက် ခရီးသည်အားလုံးကို ဘေးကင်းရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဆွစ်နိုင်ငံတကာ လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ ခရီးသည်တင်လေယာဉ် ရင်ဆိုင်ခဲ့ရသော အင်ဂျင်ပြဿနာကို လေကြောင်းလိုင်းတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်နှင့်ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမည်



ပေကျင်း ဒီဇင်ဘာ ၂၄

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီအီဝါယာတို့သည် ဒီဇင်ဘာ ၂၅ ရက်တွင် ပေကျင်းမြို့၌တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာသည် တစ်ရက်ကြာတရုတ်ခရီးစဉ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပေကျင်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် ယခုနှစ်အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးတာဝန်စတင်ရယူခဲ့သော အီဝါယာအတွက် ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၅ ရက် ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးတို့အနေဖြင့် တရုတ်နိုင်ငံက ဂျပန်ပင်လယ်စာပို့ကုန်များ ပိတ်ပင်ထားမှုပြဿနာကို ထည့်သွင်းဆွေးနွေးဖွယ်ရှိသည်။

ဖူကူရှီးမား နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွရေဆိုးများကို ဂျပန်နိုင်ငံက ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ထုတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဂျပန်ပင်လယ်စာများ တရုတ်နိုင်ငံသို့ တင်သွင်းမှုကို စတင်ပိတ်ပင်ခဲ့သည်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီး အီဝါယာသည် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ ပေကျင်းသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂရိဘုရင်ဟောင်း၏မိသားစုဝင်များ ဂရိနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ရ

အေသင် ဒီဇင်ဘာ ၂၄

ဂရိဘုရင်ဟောင်း၏ မိသားစုဝင်များအနေဖြင့် ဒီဇင်ဘာ ၂၃ ရက်တွင် ဂရိနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဂရိဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီး နှစ်ပေါင်း ၅၀ အကြာတွင် ဂရိဘုရင်ဟောင်း၏ မိသားစုဝင်များအနေဖြင့် ဂရိနိုင်ငံသားဖြစ်ခွင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ဂရိနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ရရှိခဲ့သော ဘုရင်ဟောင်းမိသားစုဝင် ၁၀ ဦးတို့သည် ယနေ့တွင် ဂရိနိုင်ငံအပေါ် သစ္စာစောင့်သိရန် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

နိုင်ငံသားဖြစ်ခွင့်ပြန်လည်ရရှိခဲ့သော ဂရိတော်ဝင်မိသားစုဝင်ဟောင်းများထဲတွင် ၂၀၂၃ ခုနှစ်က ကွယ်လွန်ခဲ့သည့် ဂရိဘုရင်ဟောင်းကွန်စတန်တိုင်း၏ သားသမီးများနှင့် မြေးများပါဝင်သည်။

ဂရိနိုင်ငံသည် ၁၉၇၄ ခုနှစ်တွင် ဂရိဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ရာ ဂရိဘုရင်ကွန်စတန်တိုင်း-၂ မှာ ဂရိနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်ခဲ့ရသည်။

ဂရိအစိုးရသည် ဘုရင်ဟောင်းကွန်စတန်တိုင်း-၂နှင့် မိသားစုဝင်များကို ၁၉၉၄ ခုနှစ်တွင် ဂရိနိုင်ငံသားအဖြစ်မှ ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တူကီယဲခဲယမ်းမီးကျောက်ထုတ်လုပ်ရေးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ၁၂ ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိ



အင်ကာရာ ဒီဇင်ဘာ ၂၄

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ ခဲယမ်းမီးကျောက် ထုတ်လုပ်ရေး စက်ရုံတစ်ရုံ၌ ယနေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးစက်ရုံပေါက်ကွဲမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုစတင်နေကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ကြေညာထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော ခဲယမ်းမီးကျောက် ထုတ်လုပ်ရေး စက်ရုံမှာ ဘာဂျီကီဆာပြည်နယ် ကာဗာကလီအမည်ရှိ ကျေးရွာအနီးတည်ရှိသည်။

ခဲယမ်းမီးကျောက်စက်ရုံပေါက်ကွဲမှုမှာ အဖျက်အမှောင့်လုပ်ရပ်ကြောင့် ဖြစ်ပွားခဲ့သည့်လက္ခဏာမျိုးမတွေ့ရကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ခဲယမ်းမီးကျောက် ထုတ်လုပ်ရေး စက်ရုံသည် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များအတွက် ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်မီးကျည်များ ထုတ်လုပ်နေသည့် စက်ရုံဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယင်းစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း မီးသတ်သမားများက ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဆိုမာလီယာငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်အတွက် တပ်ဖွဲ့ဝင်များအီဂျစ်စေလွှတ်ပေးမည်

ကိုင်ရို ဒီဇင်ဘာ ၂၄

အာဖရိကသမဂ္ဂ၏ ဆိုမာလီယာငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်အတွက် အီဂျစ်နိုင်ငံက တပ်ဖွဲ့ဝင်များစေလွှတ်ပေးမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီဂျစ်နိုင်ငံအနေဖြင့် ဆိုမာလီယာအစိုးရ၏မေတ္တာရပ်ခံချက်အရ၊ အာဖရိကသမဂ္ဂ၏လက်ကမ်းကြိုဆိုမှုအရ ဆိုမာလီယာငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်အတွက် တပ်အင်အားထည့်ဝင်ပေးမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါးအက်ဘ်ဒီလက်တီက ကြေညာခဲ့သည်။

ကိုင်ရိုမြို့သို့ ရောက်ရှိနေသည့် ဆိုမာလီယာနိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ အာဖရိကသမဂ္ဂ၏ ဆိုမာလီယာငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်၌ ပါဝင်မည့် အစီအစဉ်ကို အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ကြေညာခဲ့ခြင်းဖြစ်သည်။

ဆိုမာလီယာနှင့် အိမ်နီးချင်း အီသီယိုးပီးယား နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာလာချိန်အတွင်း အီဂျစ်အစိုးရသည် ဆိုမာလီယာ-အီဂျစ်နှစ်နိုင်ငံ ဆက်ဆံရေးကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။

ဆိုဖာလီလန်းခွဲထွက်ဒေသ၌ ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် အီသီယိုးပီးယားနိုင်ငံက စီစဉ်နေမှုကြောင့် ဆိုမာလီယာနှင့် အီသီယိုးပီးယားတို့ကြား ဆက်ဆံရေး တင်းမာလျက်ရှိသည်။

ဆိုဖာလီလန်း ဒေသသည် ဆိုမာလီယာမှခွဲထွက်၍ လွတ်လပ်ရေးကြေညာထားသော ဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## IMAP ဟီလီယိုစဖီးယား သံလိုက်စက်ကွင်းလေ့လာရေးအာကာသယာဉ် လွှတ်တင်မည့်အစီအစဉ်ကို နာဆာက လအတန်ကြာနောက်ဆုတ်ထား



**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

IMAP အမည်ရှိ ဟီလီယိုစဖီးယား သံလိုက်စက်ကွင်းလေ့လာရေး အာကာသယာဉ် လွှတ်တင်မည့်အစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လအတန်ကြာနောက်ဆုတ်ထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

မိမိတို့အနေဖြင့် IMAP အာကာသယာဉ်ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းမှသာ လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မူလက နာဆာအဖွဲ့သည် IMAP အာကာသယာဉ်ကို ၂၀၂၅ ခုနှစ် နွေဦးရာသီတွင် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မလွှတ်တင်မီ IMAP အာကာသယာဉ်၏ ပျံသန်းရေးလုပ်ငန်းများကို ပြင်ဆင်မှုများပြုလုပ်နိုင်ရေးအတွက် လွှတ်တင်ချိန်နောက်ဆုတ်ထားခြင်းဖြစ်သည်ဟု နာဆာ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် IMAP အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့်ကီလိုမီတာ ၁ ဒသမ ၃ သန်းအကွာတွင် နေရာယူ၍ ဟီလီယိုစဖီးယား သံလိုက်စက်ကွင်းနယ်မြေကို လေ့လာမည်ဖြစ်သည်။

ဟီလီယိုစဖီးယား သံလိုက်စက်ကွင်းလွှာသည် နေအဖွဲ့အစည်းကိုကြယ်တာရာဟင်းလင်းပြင်ဖြတ် စွမ်းအင်မှုန်များ၏ရန်မှ ကာကွယ်ပေးထားသည့် အလွှာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၁ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၂၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၁ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ် ဂြိုဟ်တုများသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၆၀ အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ဒီဇင်ဘာ ၂၃ ရက်မစ်ရှင်သည် ၂၀၂၄ ခုနှစ်အတွက် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ၁၂၉ ခုမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

၎င်းမစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တုများအနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများသို့ အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးမည့် ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်-၉ မစ်ရှင်များအနက် သုံးပုံနှစ်ပုံခန့်မှာ စတားလင့်ခ် ဂြိုဟ်တု မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ၂၀၆၀ ချီရွန်ဂြိုဟ်သိမ်တစ်စင်း၏ မျက်နှာပြင်ဖွဲ့စည်းပုံကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ပထမဆုံးထောက်လှမ်းဖော်ထုတ်ပေးနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

၂၀၆၀ ချီရွန်အမည်ရှိဂြိုဟ်သိမ်တစ်စင်း၏ မျက်နှာပြင်ဖွဲ့စည်းပုံကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် သတင်း အချက်အလက်များအရ ၂၀၆၀ ချီရွန်ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်နှင့် ကြယ်တံခွန်စရိုက်လက္ခဏာနှစ်မျိုးစလုံး ရှိနေသည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်နေသည်ကို တွေ့ရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၆၀ ချီရွန်ဂြိုဟ်သိမ်၏ မျက်နှာပြင်ကို ကာဗွန်ဒိုင်အောက်ဆိုက်ရေခဲ၊ ကာဗွန်မိုနော့ဆိုက်ရေခဲများဖြင့် ဖွဲ့စည်းထားပြီး ဝတ်ဆံထည်ကိုမူ မီသိန်းဓာတ်ငွေ့များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

၂၀၆၀ ချီရွန်ဂြိုဟ်သိမ်သည် ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ကြားတွင် နေပတ်လမ်းရယူထားသော စင်တော်ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်တစ်စင်းဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း ၁၃၅ မိုင်ရှိသော ၂၀၆၀ ချီရွန် ဂြိုဟ်သိမ်ကို ၁၉၇၇ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ၂၀၆၀ ချီရွန်ဂြိုဟ်သိမ်၏ မျက်နှာပြင်ဖွဲ့စည်းပုံမှာ အခြားစင်တော်အုပ်စုဝင် ဂြိုဟ်သိမ်များနှင့်ကွဲပြားနေသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Acetaminophen ဆေးကြောင့် သက်ကြီးပိုင်းများ၌ အခြားကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားနိုင်

**လန်ဒန် ဒီဇင်ဘာ ၂၄**

Acetaminophen (Paracetamol) ဆေးကြောင့် သက်ကြီးပိုင်းများ၌ အခြားကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အကိုက်အခဲပျောက်ဆေးအဖြစ် အသုံးများသည့် Acetaminophen ဆေးသည် နှလုံးခုန်ရုတ်တရက်ရပ်တန့်မှု၊ သွေးတိုးရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် သက်ကြီးပိုင်းလူနာများမှာ Acetaminophen ၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ပို၍ရင်ဆိုင်ရနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Acetaminphen ဆေးမကြာခဏ သောက်သုံးရသည့် သက်ကြီးပိုင်းများ၏ ကျန်းမာရေးအချက်အလက်များကို ၎င်းဆေးသုံးစွဲမှုမရှိသည့် သက်တူရွယ်တူများ၏ ကျန်းမာရေးအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Acetaminophen ဆေး သုံးစွဲရသည့် သက်ကြီးပိုင်းအုပ်စုထဲတွင် အစာခြေလမ်းကြောင်းစနစ်၊ နှလုံးသွေးနှင့် ကျောက်ကပ်ဆိုင်ရာပြဿနာများ ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက်မြင့်မားနေသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Fructose သကြားဓာတ်တစ်မျိုးကြောင့် ကင်ဆာဆဲလ်များကြီးထွားမှု ပိုမြန်လာနိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၂၄**

ပြုပြင်စီရင်ထားသည့် အစားအစာများတွင်ပါဝင်သော Fructose ခေါ် သကြားဓာတ်တစ်မျိုးကြောင့် ကင်ဆာဆဲလ်များကြီးထွားမှုပို၍ မြန်လာနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အသီးအနှံများတွင် သဘာဝအားဖြင့် ရှိတတ်သည့် Fructose သကြားဓာတ်ကို ဘေးအန္တရာယ်မရှိသည့် သကြားဓာတ်အဖြစ် မှတ်ယူခဲ့ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်၊ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်တို့အပေါ် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိသည့်တိုင် Fructose ကြောင့် ကင်ဆာဆဲလ်များ ကြီးထွားမှု ပုံမှန်ထက်ပို၍ မြန်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Frutose သကြားဓာတ်သည် အာဟာရဓာတ် အကျိုးကျေးဇူးများရှိသော်လည်း ၎င်းသကြားဓာတ်ပါဝင်မှုအဆင့်လွန်ကဲသည့် အစားအစာများကို အလွန်အကျွံ စားသုံးပါက ကျန်းမာရေးပြဿနာများ ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

ကင်ဆာဆဲလ်များ ကြီးထွားလာနိုင်မှုကို တားဆီးရေးအတွက် အစားအစာများ၌ Fructose ထည့်သွင်းမှုကို ကန့်သတ်သင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဗလင်စီယာအသင်းက နည်းပြဘာရာဂျာကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**မက်ဒရစ် ဒီဇင်ဘာ ၂၄**

ဗလင်စီယာ အသင်းသည် တနင်္ဂနွေနေ့က ကစားခဲ့သည့် အလာဗက်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နောက် နည်းပြဘာရာဂျာကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်းသိရသည်။

ဗလင်စီယာ အသင်းသည် လာလီဂါအမှတ်ပေးပွဲ ၁၇ ပွဲတွင် နှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ကိုးပွဲရှုံး ရလဒ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၁၉ တွင်ရပ်တည်နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြဘာရာဂျာကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဘာရာဂျာသည် ဗလင်စီယာအသင်း၏ဂန္ထဝင်ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်ကအသင်းနှင့်လက်တွဲခဲ့ကာ ဘောလုံးရာသီကုန်ဆုံးချိန်တွင် အဆင့် ၉ နေရာသို့ အသင်းကို ပို့ဆောင်နိုင်ခဲ့သည်။

ဗလင်စီယာအသင်းက "အသင်းအနေနဲ့ အခုရာသီမှာ ရလဒ်ဆိုးရွားခဲ့ပါတယ်။ ဒါကြောင့် ပြောင်းလဲမှုလုပ်ဖို့ ခက်ခဲစွာဆုံးဖြတ်ခဲ့တာပါ။ နည်းပြဘာရာဂျာကို အသင်းအနေနဲ့ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗလင်စီယာအသင်းသည် လက်ရှိတွင် နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းနေပြီး လာမည့်ပွဲစဉ်များတွင် လက်ထောက်နည်းပြကို တာဝန်ပေးအပ်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# မွန်ဇာအသင်းက နည်းပြသစ်အဖြစ် နည်းပြ ဘိုချက်တီကို ခန့်အပ်

**ရောမ ဒီဇင်ဘာ ၂၄**

မွန်ဇာအသင်းက နည်းပြနက်စ်တာကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြဘိုချက်တီကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အေစီမီလန်ခံစစ်ကစားသမားဟောင်း နက်စ်တာသည် မွန်ဇာအသင်းကို ပြိုင်ပွဲစုံ ၂၀ တာဝန်ယူခဲ့ရာတွင် သုံးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်သာရရှိခဲ့ပြီး နောက်ဆုံးကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

မွန်ဇာအသင်းသည် နည်းပြဘိုချက်တီကို ၂၀၂၂ ခုနှစ်က ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ရာတွင် အသင်းအနေဖြင့် ခြောက်ပွဲဆက်ရှုံးနိမ့်ခဲ့သော်လည်း လက်ရှိတွင် ၂၀၂၆ ခုနှစ်ထိ နှစ်နှစ်စာချုပ်ဖြင့် ပြန်လည်ခန့်အပ်ခဲ့သည်။

တန်းဆင်းဇုန်မှ မွန်ဇာအသင်းသည် လာမည့်စနေနေ့တွင်ရမှတ်ငါးမှတ်ကွာဟနေသည့် ပါးမားအသင်းနှင့် ကစားရမည်ဖြစ်ပြီး နည်းပြသစ်ဘိုချက်တီက အဆိုပါပွဲစဉ်မှ စတင်တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## အားကစားသတင်းအတိုအထွာများ

- အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Associated Press(AP)သတင်းအေဂျင်စီက နှစ်စဉ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးအားကစားသမားဆုကို ဂျပန်ဘေ့စ်ဘောကစားသမား အိုထန်နီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။
- WBO စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန်လက်ဝှေ့သမား တီအိုဖီမိုသည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ပွာတိုရီကိုလက်ဝှေ့သမား ဆပ်ဘာရီရယ်နှင့် ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေပြီး လာမည့်ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင်ထွက်ခွာရန်ပြင်ဆင်နေသည့် ရက်ရှ်ဖို့ဒ်ကို အသင်းမှ လူငယ်ကစားသမား ဖာတီကိုအသုံးချပြီး ခေါ်ယူရန်အတွက် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# ၂၀၂၄ -၂၀၂၅ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှစတင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၀သင်းဖြင့် ကျင်းပသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ မြန်မာ ဖူဆယ်လိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှစတင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU FCအသင်း၊ YRG FCအသင်း၊ Futsal Chit Thu FCအသင်း၊ MH Dream Teamအသင်း၊ VUC FC အသင်း၊ SGF FCအသင်း၊ Gen-eration FCအသင်း၊ YCDC Marga FCအသင်း၊ Winner Soccer FC အသင်းနှင့် M2K FCအသင်းစသည့် အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် MIU FCအသင်းနှင့် YRG FC အသင်း၊ နံနက် ၁၀ နာရီခွဲတွင် Futsal Chit Thu FC အသင်းနှင့် MH Dream Teamအသင်း၊ မွန်းတည့် ၁၂ နာရီတွင် VUC FCအသင်းနှင့် SGF FC အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် Generation FCအသင်းနှင့် YCDC Marga FCအသင်း၊ ညနေ ၃နာရီတွင် Winner Soccer FCအသင်းနှင့် M2K FCအသင်းတို့ကစားသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို MFF Futsal Youtube Channelမှ တစ်ဆင့်တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးများအဖြစ် တစ်ရက်စာအတွက် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

အလားတူမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၂၈ ရက်မှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၄ခုနှစ် စပိန်လာလီဂါပြိုင်ပွဲ၏ နေရာလိုက်တစ်နှစ်တာအကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ လေးဦးထိပါဝင်

**မက်ဒရစ် ဒီဇင်ဘာ ၂၄**

၂၀၂၄ ခုနှစ် စပိန်လာလီဂါပြိုင်ပွဲ၏ နေရာလိုက်တစ်နှစ်တာအကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကစားသမား လေးဦးထိ ပါဝင်လာခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် စပိန်လာလီဂါပြိုင်ပွဲ၏ နေရာလိုက်တစ်နှစ်တာအကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ပြိုင်ပွဲဝင်အသင်းခြောက်သင်းမှ ကစားသမားများပါဝင်လာခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ လေးဦး၊ ဂျီရိုနာအသင်းမှ နှစ်ဦး၊ ဆီဗီလာအသင်းမှ တစ်ဦး၊ အေတီကိုအသင်းမှ တစ်ဦးနှင့် ဘာစီလိုနာအသင်းမှ နှစ်ဦး ပါဝင်လာခဲ့သည်။

၂၀၂၄ ခုနှစ် စပိန်လာလီဂါပြိုင်ပွဲ၏ နေရာလိုက်တစ်နှစ်တာအကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းမှ ဂိုးသမားနေရာတွင် ထိပ်တန်းဂိုးသမားများကို ကျော်ဖြတ်ပြီး အိုဆာဆူနာအသင်းမှ ဟာရဲရားပါဝင်လာခဲ့ပြီး ခံစစ်ကစားသမား လေးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗက်စ်ကွက်၊ ဆီဗီလာအသင်းကစားသမားဟောင်း ရာမို့စ်၊ ဂျီရိုနာအသင်းမှ ဒါလေဘလိုင်းနှင့် ဂူတီယာရက်စ်၊ ကွင်းလယ်ကစားသမားသုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗယ်လ်ဗာဒီနှင့် ဘယ်လင်ဟမ်၊ ဘာစီလိုနာအသင်းမှ ရာဖင်ဟာတို့ ပါဝင်လာခဲ့သည်။

အလားတူ တောင်ပံကစားသမား နှစ်ဦးနေရာမှဘယ်တောင်ပံတိုက်စစ်နေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်စ်၊ ညာတောင်ပံ တိုက်စစ်နေရာတွင် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ အထောင်တိုက်စစ်နေရာတွက် အေတီကိုအသင်းမှဂရစ်မန်းဇ်တို့ ပါဝင်လာခဲ့သည်။

ထို့ပြင် စပိန်လာလီဂါပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာလူငယ်အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ အာဒါဂူလာက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# Next Gen ATPတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဖွန်ဆီကာ ဆွတ်ခူး

**ဂျဒတ် ဒီဇင်ဘာ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံ ဂျဒတ်မြို့တွင် ကျင်းပခဲ့သည့် Next Gen ATPတင်းနစ်ပြိုင်ပွဲတွင် ဘရာဇီးတင်းနစ်ကစားသမား ဖွန်ဆီကာက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဖွန်ဆီကာသည် Next Gen ATP တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်ကစားသမား လန်နာတီယန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၂-၄၊ ၄-၃၊ ၄-၀၊ ၄-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖွန်ဆီကာသည် အသက် ၂၀ နှစ်နှင့်အောက် တင်းနစ်ကစားသမားများအတွက် ကျင်းပပေးသည့် Next Gen ATPတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၁၈ နှစ်ရှိ ဖွန်ဆီကာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသည့်အတွက် ဖိအားဝင်ခဲ့သော်လည်း အမှားများကိုအကောင်းဆုံးပြင်ဆင်၍ ပွဲငယ်သုံးပွဲဆက်အနိုင်ရရှိကာချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖွန်ဆီကာအနေဖြင့် Next Gen ATPတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး ဘရာဇီး တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး Next Gen ATP တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ဒုတိယ အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



ဖွန်ဆီကာက "ပထမပွဲငယ်မှာ ကျွန်တော့်ရဲ့ အကောင်းဆုံးပုံစံမရခဲ့ပါဘူး။ စိတ်လှုပ်ရှားနေတာလဲပါတယ်။ ဒါပေမဲ့ ဒုတိယပွဲငယ်မှာ အနိုင်ပြန်ရခဲ့တဲ့အတွက် စိတ်ဓာတ်တက်ကြွလာခဲ့ပြီးတော့ နိုင်လိုစိတ်ပိုပြင်းထန်လာခဲ့တယ်။ ကျွန်တော့်မှာရှိတဲ့ စွမ်းဆောင်ရည်တွေအားလုံးနဲ့လုပ်နိုင်စွမ်းအားလုံးကို အသုံးချနိုင်ဖို့ အာရုံစိုက်ခဲ့တယ်။ အခက်အခဲတွေရှိခဲ့ပေမဲ့ နောက်ဆုံးအနိုင်ရလဒ်ကို ရယူနိုင်ခဲ့ပြီးတဲ့နောက် ငါလုပ်နိုင်ခဲ့ပြီဆိုပြီးတော့မှ စိတ်အေးခဲ့ရတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်နိုင်ငံက မြေပြင်မှ မြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်ကို ဗီယက်နမ်ကာကွယ်ရေးကုန်စည်ပြပွဲတွင် ထုတ်ဖော်ပြသ



အီရန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကာကွယ်ရေးကုန်စည်ပြပွဲတွင် ပြည်တွင်းထုတ် BM–300 မြေပြင်မှ မြေပြင်ပစ်ပဲ့ထိန်းဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ပြီး ၎င်း၏ ဒုံးကျည်နည်းပညာ တိုးတက်ဖွံ့ဖြိုးလာမှုကို မီးမောင်းထိုးပြကာ ဗီယက်နမ်နိုင်ငံနှင့် နှစ်နိုင်ငံကာကွယ်ရေး ဆက်ဆံရေးကောင်းမွန်မှုရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်စနစ်သည် တိကျသော တိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ပြည်ပတင်ပို့ရောင်းချရန် အခွင့်အလမ်းသစ်များ ရှာဖွေနိုင်ရန်အတွက် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သကဲ့သို့ ဒေသတွင်း ဟန့်တားမှုစွမ်းရည်များကို အားကောင်းစေရေးအတွက် အီရန်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

BM–300 မြေပြင်မှ မြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်စနစ်ကို ခြောက်ဘီးယက်ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားပြီး ရွေ့လျားစစ်ကစားနိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည်မြင့်မားမှုတို့ ပေါင်းစပ်ထားသည်။ BM–300 ဒုံးကျည်စနစ်တင်ထရပ်ကားယာဉ်တွင် ခေါင်းခန်း၌ ယာဉ်မောင်းခန်းတစ်ခန်းပါရှိပြီး ပစ်ခတ်မှုထိန်းကျောင်းရေး လုပ်ငန်းစဉ်များအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများအားလုံးကိုထားရှိနိုင်ရန် နောက်ခန်းတွင် အမိုးအကာတစ်ခု တပ်ဆင်ပေးထားသည်။ ဤကျစ်လျစ်ပေါ့ပါးသောလက်နက်စနစ်ဖွဲ့စည်းပုံဒီဇိုင်းသည် တပ်ဖွဲ့ဝင်များကို အကာအကွယ်ပေးထားသော ပတ်ဝန်းကျင်အခြေအနေတစ်ရပ်မှ တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။ ယာဉ်နောက်ဘက်တွင် BM–300 ဒုံးကျည် တစ်စင်းတည်းကို တင်ဆောင်ပစ်ခတ်နိုင်မည့် ဒုံးပစ်လောင်ချာတပ်ဆင်ထားသည်။

ဤသို့ ပေါင်းစပ်တပ်ဆင်ထားမှုသည် လက်နက်စနစ်၏ ရွေ့လျားစစ်ကစားနိုင်မှုကို အဆင့်မြှင့်တင်ပေးကာ မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် လုပ်ဆောင်နိုင်စေပြီး နည်းဗျူဟာမြောက်မစ်ရှင်များအတွက် လျင်မြန်စွာ တိုက်ပွဲဝင်ဖြန့်ကြက်နိုင်စေမည်ဖြစ်သည်။

BM–300 ဒုံးကျည်သည် ကွပ်ကဲမှုဌာနချုပ်များ၊ ဒုံးကျည်အခြေစိုက်စခန်းများ၊ ခဲယမ်းသိုလှောင်ရုံများနှင့် လေဆိပ်များကဲ့သို့သော အရေးပါသည့်စစ်ဘက်အခြေခံအဆောက်အအုံများကို ထိရောက်စွာ တိုက်ခိုက်ချေမှုန်းရန်အတွက် ဒီဇိုင်းထုတ်လုပ်ထားသော တစ်ဆင့်ကွဲ အစိုင်အခဲလောင်စာသုံး ဒုံးကျည်စနစ်ဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၁၅၀ မှ ကီလိုမီတာ ၃၀၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိပြီး ပစ်မှတ်လွဲမှားနိုင်မှု ၃၅ မီတာအောက်သာရှိသည်။ အစိုင်အခဲလောင်စာသုံး BM–300 ဒုံးကျည်စနစ်ကို မတူညီသောပတ်ဝန်းကျင်အခြေအနေများတွင် ထိုးစစ်နှင့် ခံစစ်နှစ်ရပ်စလုံးအတွက် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

BM–300 ဒုံးကျည်စနစ်သည် အီရန်နှင့် ဗီယက်နမ် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်အကျိုးစီးပွားများ ပေါင်းစည်းခြင်းကို ကိုယ်စားပြုနေသည်။ အီရန်နိုင်ငံအတွက် နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများနှင့် အထီးကျန်နေသော်လည်း ကာကွယ်ရေးနည်းပညာတွင် ၎င်း၏ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြနေသည်။ ဗီယက်နမ်နိုင်ငံအတွက် ကာကွယ်ရေးပြပွဲသည် ထွန်းသစ်စကာကွယ်ရေးမိတ်ဖက်နိုင်ငံနှင့် ဆက်ဆံရေးကို နက်ရှိုင်းစေမည့် အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်နိုင်ပြီး ကုန်ကျစရိတ်သက်သာမည့် အဆင့်မြင့်လက်နက်စနစ်များကို ဝယ်ယူဖြည့်တင်းနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Exclusive: Iran Unveils Locally–Made BM–300 Surface–to–Surface Ballistic Missile at Vietnam Defense Expo ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်တဂွန်စစ်ဌာနချုပ်က တရုတ်၏ စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများကို အစီရင်ခံစာထုတ်ပြန်

ပင်တဂွန်စစ်ဌာနချုပ်သည် တရုတ်နိုင်ငံ၏ စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများနှင့် ပတ်သက်၍ နှစ်စဉ်လွှတ်တော်သို့ တင်သွင်းလေ့ရှိသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆယ်စုနှစ်များစွာတိုင် နိုင်ငံ့တပ်မတော် အဆင့်မြှင့်တင်ခေတ်မီလာရေး ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) သည် မကြာသေးမီ အချိန်ကာလအတွင်း တိုးတက်မှုတချို့လုပ်ဆောင်နိုင်ခဲ့ကြောင်း ထောက်လှမ်းရေးသတင်းအချက်အလက်များနှင့် ပွင့်လင်းသတင်းရင်းမြစ်များမှ ထုတ်ဖော်ပြောကြားထားချက်များကိုကိုးကား၍ အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေကာမူ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် လက်အောက်ရှိ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကို ခေတ်မီတိုးတက်ရေးကြိုးပမ်းမှုများသည် ထိပ်တန်းခေါင်းဆောင်တချို့ကို ဖယ်ရှားခဲ့ရသည်ထိ အဂတိလိုက်စားမှုများကြောင့် အဟန့်အတားများ ဖြစ်ခဲ့ရကြောင်း ထည့်သွင်းဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ စစ်ဆင်ရေးတိုက်ပွဲဝင်အသင့်နျူကလီးယားထိပ်ဖူးများသိုလှောင်မှုမှာလည်း ယခင်နှစ်တွင် နျူကလီးယားထိပ်ဖူး ၅၀၀ ကျော်ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၆၀၀ ကျော်ထိ တိုးလာသည်ဟု အစီရင်ခံစာက ဆိုသည်။ တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားထိပ်ဖူးများနှင့်ပတ်သက်၍ ခေတ်မီအဆင့်မြင့်မားရေး၊ အမျိုးစုံစွာ ပိုင်ဆိုင်နိုင်ရေးစသည်တို့အတွက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းနေသည့်အတွက် ၂၀၃၀ ပြည့်နှစ်တွင် နျူကလီး ယားထိပ်ဖူး ၁၀၀၀ ကျော်ထိ ပိုင်ဆိုင်နိုင်လိမ့်မည်ဟု ပင်တဂွန်စစ်ဌာနချုပ်က အစီရင်ခံစာ ရေးသားဖော်ပြခဲ့သည်။ ဤသည်မှာ တရုတ်နိုင်ငံသည် အမေရိကန်နှင့် အလားအလာရှိသော နျူကလီးယားပဋိပက္ခတွင် အမေရိကန်နိုင်ငံရှိ မြို့များ၊ စစ်ဘက်အခြေခံ အဆောက်အအုံများနှင့် ကွပ်ကဲမှုနေရာများကို ယခင်ကထက် ပိုမို၍ တိုက်ခိုက်နိုင်စွမ်းရှိလိမ့်မည်ဟု အစီရင်ခံစာက သုံးသပ်ဖော်ပြထားသည်။



ကမ္ဘာပေါ်တွင်အကြီးမားဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ရေတပ်တွင် သင်္ဘောနှင့် ရေငုပ်သင်္ဘော အစီးရေ ၃၇၀ ကျော်ရှိပြီး ပင်တဂွန်စစ်ဌာနချုပ်၏ တရုတ်နိုင်ငံနှင့် ပတ်သက်သည့် ၂၀၂၂ ခုနှစ် အစီရင်ခံစာတွင် ခန့်မှန်းခြေအားဖြင့် သင်္ဘောအစီးရေ ၃၄၀ ကျော် ပိုင်ဆိုင်ထားမည်ဟု ဖော်ပြထားသည်။ ဂျပန်နိုင်ငံ အိုကီနာဝါ၊ တရုတ် (တိုင်ပေ) နှင့် ဖိလစ်ပိုင်တို့ပါဝင်သော ပထမကျွန်းတန်း ပိုင်နက်တစ်လျှောက် နိုင်ငံ၏ရေတပ်စွမ်းအားကို ဆက်လက်တိုးမြှင့်လျက်ရှိကြောင်း အစီရင်ခံစာတွင် ထပ်လောင်းဖော်ပြထားသည်။

PLA ၏လေတပ်သည် အမေရိကန်စံနှုန်းများနှင့်အညီ နည်းပညာအဆင့်မြင့်မားတိုးတက်စေရေးအတွက် အလျင်အမြန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ လေကြောင်းစွမ်းအားများတွင် လေယာဉ်များအပြင် မောင်းသူမဲ့လေယာဉ်စနစ်များပါ ခေတ်မီအဆင့်မြင့်မားစွာ ပြည်တွင်း၌ တီထွင်ထုတ်လုပ်နိုင်စေရေးအတွက် အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်း အစီရင်ခံစာက ရေးသားဖော်ပြထားကြောင်း သိရသည်။

**US Says China to Build 1,000 Nukes by 2030 in Staggering Annual Report ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အီးစီးကရက်သုံးစွဲခြင်း၏ ကျန်းမာရေးအန္တရာယ်များ



ချိုအီအီအနံ့ရှိသော အခိုးအငွေ့များသည် ယနေ့မြို့ပြလမ်းမများပေါ်တွင် မြင်တွေ့ခံစားနေကြရသည့် အရာတစ်ခုဖြစ်နေသည်။ ထိုအခိုးအငွေ့များမှာ အီလက်ထရွန်နစ်စီးကရက်ဟုခေါ်သည့် ကိရိယာများမှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။ အီးစီးကရက်ကို ယခုအခါ လူငယ်၊ လူကြီးမရွေး သုံးစွဲနေကြပေသည်။ မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံ အင်တာနက်သုံးစွဲလူငယ်များကြားတွင် ရေပန်းစားသည့် အမျိုးသမီးငယ်တစ်ဦး ကွယ်လွန်သွားခဲ့သည်။ လူမှုကွန်ရက်များတွင် ပြောဆိုနေကြမှုများအရ ၎င်းအမျိုးသမီးငယ်မှာ အီးစီးကရက်ကို အလွန်အကျွံအသုံးပြုသွားခဲ့ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာကို အချိန်အတော်ကြာ ခံစားခဲ့ရပြီးသည့်နောက် နောက်ဆက်တွဲရောဂါများကြောင့် သေဆုံးသွားရသည်ဟု သိရသည်။

အီးစီးကရက်များကို စတင်တီထွင်ခဲ့စဉ်က ဆေးလိပ်ဖြတ်သူများတွင် ဆေးလိပ်ကြောင့် နီကိုတင်းစွဲလမ်းမှုကို ခန္ဓာကိုယ်အားမထိခိုက်စေဘဲ အစားထိုးအသုံးပြုနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ယူကေအစိုးရကျန်းမာရေးဌာနကဲ့သို့ အဖွဲ့အစည်းများကပင် အီးစီးကရက်များသည် ဆေးလိပ်အစား သုံးစွဲသင့်သည့်ကျန်းမာရေးနှင့်ညီညွတ်သော အစားထိုးပစ္စည်းတစ်မျိုးဖြစ်ကြောင်း မှားယွင်းစွာ အကြံပေးခဲ့ဖူးသည်။ ထိုသို့ မှားယွင်းသည့်သတင်းအချက်အလက်များဖြန့်ဝေမှုကြောင့် ဆေးလိပ်သောက်တတ်သူများက အီးစီးကရက်ကို အစားထိုးသုံးစွဲခဲ့ကြသည်သာမက ဆေးလိပ်စမ်းသောက်လိုသည့် လူငယ်များကိုလည်း ဆေးလိပ်အစား အီးစီးကရက်များသောက်သုံးဖြစ်အောင် အားပေးသလိုဖြစ်ခဲ့ရသည်။

အီးစီးကရက်သောက်သုံးခြင်းကို Vaping ဟု ခေါ်ဆိုကြပြီး ၎င်းတွင်လည်း ကျန်းမာရေးဆိုင်ရာဆိုးကျိုးများရှိသကဲ့သို လူငယ်လူရွယ်များစွာတွင်လည်း အီးစီးကရက်စွဲလန်းခြင်းကို ဖြစ်ပေါ်စေသည်။ အီးစီးကရက်များကို သကြားလုံးများသဖွယ် ဈေးကွက်တင်ရောင်းချနေကြပြီး ၎င်းတို့၏ချိုအီအီရနံ့က မျိုးဆက်သစ်လူငယ်များကို သုံးစွဲဖြစ်အောင် ဆွဲဆောင်နေပေသည်။ သို့သော် ၎င်းတို့ထဲတွင်ပါဝင်သည့်ဓာတုပစ္စည်းများက လူငယ်များ၏ ဖွံ့ဖြိုးကြီးထွားစဉ်ကာလကိုယ်ခန္ဓာကို ထိခိုက်ပျက်စီးစေနိုင်သကဲ့သို့အသက်အန္တရာယ်ကိုပင်ထိခိုက်စေနိုင်သည်။ ထိခိုက်နိုင်သည့် ကိုယ်အင်္ဂါများထဲတွင် အသက် ၂၀ မတိုင်မီ ကောင်းစွာဖွံ့ဖြိုးခြင်းမရှိသေးသည့် ဦးနှောက်လည်းပါဝင်နေသည်။ အီးစီးကရက်သောက်ခြင်းက ဦးနှောက်ဖွံ့ဖြိုးမှုကို နှေးကွေးစေနိုင်သည်။ အီးစီးကရက်ကြောင့်ဖြစ်နိုင်သော စိတ်ပိုင်းဆိုင်ရာပြဿနာများမှာ နီကိုတင်း အလွန်အမင်းစွဲလမ်းခြင်း၊ စိတ်ခံစားမှုပြဿနာများနှင့် စိတ်မထိန်းနိုင်ခြင်းတို့ဖြစ်ကြသည်။ ထို့ပြင် အသက်ငယ်ငယ်ကတည်းက အီးစီးကရက်စသောက်သူများသည် အသက်ကြီးလာသည့်အခါ ဆေးလိပ်သောက်တတ်သည့်အကျင့်ရရှိသွားတတ်ကြောင်းလည်း တွေ့ရှိရသည်။

**အီးစီးကရက်များ စတင်ဖြစ်ပေါ်လာပုံ**

အီးစီးကရက်ကို ၂၀၀၃ ခုနှစ်တွင် တရုတ်ဆေးဝါးပညာရှင်ဟွန်လစ်က ဆေးလိပ်သောက်ရာမှဆေးလိပ်ငွေ့ထွက်ခြင်းကိုဖယ်ရှားရန် တီထွင်ခဲ့ခြင်းဖြစ်သည်။ သူကိုယ်တိုင်လည်း ဆေးလိပ်သောက်သလို သူ့ဖခင်သည်လည်း ဆေးလိပ်သောက်များ၍ အဆုတ်ကင်ဆာဖြစ်ကာ ဆုံးပါးခဲ့ရသည်။ ၂၀၀၇ ခုနှစ်မှစတင်ပြီး Vapes ခေါ် အီးစီးကရက်များ ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကဖြစ်လာနိုင်သည့်ကျန်းမာရေးအန္တရာယ်များကို သတိထားကြရန်တိုက်တွန်းခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်သည် အီးစီးကရက်သောက်သုံးမှု တိုးတက်များပြားလာခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစပြီး အီးစီးကရက်ထုတ်လုပ်သူများသည် လူငယ်များကို ပစ်မှတ်ထားပြီး ထုပ်ပိုးမှုပုံစံကို ပြုပြင်လာခဲ့ကြသလို လူငယ်များကိုဦးတည်သည့် ကြော်ငြာမှုများပြုလုပ်ခဲ့ကြသည်။ Vaping ဆိုသည့် စကားသည်လည်း ထိုနှစ်အတွင်း ခေတ်စားခဲ့သည်။

**အီးစီးကရက်မှာ ဘာတွေပါသလဲ**

စီးကရက်သည် ဆေးရွက်ကြီးကိုမီးရှို့ပြီး ရှူရှိုက်ရသည့်အရာဖြစ်သည်။ အီးစီးကရက်တွင် ဆေးရွက်ကြီးထဲကထုတ်ထားသည့် နီကိုတင်းသာပါဝင်သည်။ နီကိုတင်းသည် လွန်စွာစွဲလမ်းစေတတ်သည့် ဓာတ်တစ်မျိုးဖြစ်ပြီး လူတစ်ဦး၏ သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်းနှင့် သွေးတွင်း အက်ဒရီနလင်းဟော်မုန်းများကို မြင့်တက်လာစေပြီး လူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို နှေးကွေးစေသည့် အဆိပ်အတောက်တစ်မျိုးဖြစ်သည်။ ပေါ်လီအီသိုင်လင်းဂလိုက်ကော (Polyethylene glycol) သည် အီးစီးကရက်ကို ဖွာရှိုက်စဉ်အပူရှိန်ဖြင့် အငွေ့များထွက်လာအောင် အီးစီးကရက်များတွင် ထည့်သွင်းအသုံးပြုသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။ ၎င်းသည် အသက်ရှူလမ်းကြောင်းကို ယားယံစေတတ်သော အရာတစ်ခုဖြစ်သည်။ ၎င်းကို အများအားဖြင့် အိမ်သုတ်ဆေးများနှင့် မီးခိုးငွေ့လွှတ်သောစက်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။

ထို့ပြင် အီးစီးကရက်အတွင်း ထည့်သွင်းထားသည့်အရည်များတွင် ပါဝင်ခြင်းမရှိဘဲ အငွေ့ထွက်သည့်အခါကျမှ ထွက်ပေါ်လာတတ်သော ဓာတုဒြပ်ပေါင်းများလည်းရှိသေးသည်။ ဥပမာအားဖြင့် အီးစီးကရက်အတွင်းရှိ ဆေးရည်ကို အပူပေးလိုက်သည့်အခါတွင် အနံ့ကောင်းအောင်ထည့်ထားသည့် ဓာတုပစ္စည်းများပြိုကွဲသွားကြပြီး ပေါင်းသတ်ဆေးများအဖြစ်အသုံးပြုလေ့ရှိသည့် အခရိုလိန်း(Acrolein) ထွက်လာတတ်သည်။ ယခုအခါ အီးစီးကရက်များ အရသာရှိစေရန် အများအားဖြင့် ထည့်သွင်းလေ့ရှိကြသည့် ဒိုင်အဆီသိုင်း(diacetyl) ဓာတုဒြပ်ပေါင်းသည် ရှူရှိုက်ပါက အဆုတ်လေအိတ်များကိုပျက်စီးစေနိုင်ကြောင်း တွေ့ရှိထားသည်။

**အီးစီးကရက်ကြောင့်ဖြစ်ပေါ်သည့် ခန္ဓာကိုယ်တွင်း ပြောင်းလဲမှုများ**

အနံ့အရသာအတွက် ထည့်သွင်းလေ့ရှိသည့် ဒိုင်အဆီသိုင်းက အဆုတ်အသက်ရှူလမ်းကြောင်းအကိုင်းအခက်များအတွင်း ရောင်ရမ်းခြင်းကို ဖြစ်စေသည်။ ၂၀၂၃ ခုနှစ်အတွင်း လေ့လာမှုများအရ ထိုအငွေ့များကိုရှူရှိုက်ခြင်းသည် ဆေးလိပ်သောက်သူများထက်ပင် အဆုတ်တွင်းရောင်ရမ်းမှုများကို ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ နီကိုတင်းမပါသော အီးစီးကရက်သောက်ပါက အဆုတ်ဆဲလ်များသေဆုံးမှု ငါးဆခန့်မြန်ဆန်ပြီး နီကိုတင်းပါသည့် အီးစီးကရက်သောက်လျှင် ဆယ်ဆခန့်ထိပင် များပြားနိုင်သည်။ ထို့ပြင် အီးစီးကရက်သောက်ခြင်းသည် အဆုတ်လေအိတ်များကို ပျက်စီးစေနိုင်ပြီး အဆုတ်၏ လေအဝင်အထွက်ကို ပျက်စီးစေနိုင်သည်။

အီးစီးကရက်သောက်ခြင်းသည် ဗိုင်းရပ်ပိုးကို ကာကွယ်သည့် ပရိုတိန်းတစ်မျိုးဖြစ်သော SPLUNC1 ထုတ်လုပ်မှုကို လျော့ကျစေပြီး အအေးမိခြင်းကဲ့သို့ အဆုတ်ရောဂါများဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်တက်စေနိုင်သည်။ အီးစီးကရက်သောက်ခြင်းက အဆုတ်တွင်းရှိ လေပြွန်သေးသေးလေးများကို ပိတ်ဆို့စေနိုင်ပြီး ရင်ကျပ်ရောဂါလက္ခဏာများကို ဖြစ်စေနိုင်သည်။ အီးစီးကရက်တွင် ပုံမှန်ဆေးလိပ်များ၌မပါဝင်သည့် အဆီဒြပ်ပေါင်းများပါဝင်နေတတ်ပြီး ၎င်းအဆီများကို ခန္ဓာကိုယ် ကိုယ်ခံအားစနစ်က တိုက်ဖျက်သည့်အခါ လူ့ခန္ဓာကိုယ်ရှိ ဆဲလ်များရောင်ရမ်းခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် အီးစီးကရက်သည် မျိုးရိုးဗီဇဒီအန်အေကိုလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း တွေ့ရှိထားရသည်။

**❖နီကိုတင်းမပါသော အီးစီးကရက်သောက်ပါက အဆုတ်ဆဲလ်များသေဆုံးမှု ငါးဆခန့်မြန်ဆန်ပြီး နီကိုတင်းပါသည့် အီးစီးကရက်သောက်လျှင် ဆယ်ဆခန့်ထိပင်များပြားနိုင်သည်။ ထို့ပြင် အီးစီးကရက်သောက်ခြင်းသည် အဆုတ်လေအိတ်များကိုပျက်စီးစေနိုင်ပြီး အဆုတ်၏ လေအဝင်အထွက်ကို ပျက်စီးစေနိုင်သည်။ အီးစီးကရက်သောက်ခြင်းသည် ဗိုင်းရပ်ပိုးကိုကာကွယ်သည့် ပရိုတိန်းတစ်မျိုးဖြစ်သော SPLUNC1 ထုတ်လုပ်မှုကို လျော့ကျစေပြီး အအေးမိခြင်းကဲ့သို့ အဆုတ်ရောဂါများဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်တက်စေနိုင်သည်။ ❖**

**EVALI သို့မဟုတ် အီးစီးကရက်သောက်သူများအတွက် အန္တရာယ်**

EVALI ဆိုသည်မှာ အီးစီးကရက်သောက်သူများတွင်ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်အဆုတ်ရောဂါတစ်မျိုးဖြစ်သည်။ ရောဂါအမည်အရှည်မှာ e-cigarette or vaping use-associated lung injury ဖြစ်ပြီး မြန်မာအမည်အားဖြင့် အီးစီးကရက်သောက်ခြင်းနှင့်ဆက်စပ်နေသည့် အဆုတ်ထိခိုက်ဒဏ်ရာရမှုဖြစ်သည်။ ရောဂါခံစားရသူသည် အသက်ရှူမဝခြင်း၊ ဖျားခြင်းနှင့် ရင်ဘတ်အောင့်ခြင်းတို့ကို ခံစားရလေ့ရှိပြီး ဓာတ်မှန်ရိုက်ကြည့်ပါက အဆုတ်နေရာတွင် အဖြူအစက်များတွေ့ရလေ့ရှိသည်။ ထိုရောဂါဖြစ်ရသည့်အကြောင်းရင်းမှာ အီးစီးကရက်တွင် ပါဝင်သည့်အရည်များမှ ဗီတာမင်အီးအဆီကြောင့်ဟု ယူဆကြသည်။

ထိုရောဂါသည် အီးစီးကရက်စသောက်ပြီး မကြာမီတွင်ဖြစ်ပေါ်လာတတ်သကဲ့သို့ အချိန်ကြာမှ ဖြစ်လာတတ်သည်လည်းရှိသည်။ EVALI ရောဂါဖြစ်ပွားသူများ၏ ၉၀ ရာခိုင်နှုန်းသည် ဆေးရုံတက်ကုသရန်လိုအပ်ပြီး ပြင်းထန်ပါက အသက်ဆုံးရှုံးရသည်ထိ ဖြစ်နိုင်သည်။ EVALI ရောဂါကို တရားဝင်သတ်မှတ်ခဲ့သည်မှာ ၂၀၁၉ ခုနှစ်အတွင်းကဖြစ်ပြီး ထိုနှစ်က အမေရိကန်တစ်နိုင်ငံတည်းမှာပင် လေးလတာကာလအတွင်း ရောဂါဖြစ်ပွားသူ ၂၀၅၁ ဦးနှင့် ရောဂါကြောင့်သေဆုံးသူ ၃၉ ဦး ရှိခဲ့သည်။ အသက် ၃၅ အောက် လူငယ်လူရွယ်များသည် EVALI ရောဂါခံစားရနိုင်ခြေ အများဆုံးဖြစ်သည်ဟုလည်း ယူဆထားကြသည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၉ ခုနှစ်မှစပြီး အီးစီးကရက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်သည့်အသက်အရွယ်ကို ၁၈ နှစ်မှ ၂၁ နှစ်ထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ယူကေတွင်လည်း ၂၀၂၃ ခုနှစ်တွင် ၂၀၀၉ ခုနှစ်နောက်ပိုင်းမွေးဖွားသူများကို စီးကရက်ရောင်းချခြင်းပိတ်ပင်ခဲ့ပြီးနောက် အီးစီးကရက်များကိုပါ ပိတ်ပင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အီးစီးကရက်များသည် ယခင်က ပြောနေခဲ့ကြသကဲ့သို့ အန္တရာယ်ကင်းသောပစ္စည်းတစ်ခုမဟုတ်တော့ပါ။ အထူးသဖြင့် လူငယ်များတွင် ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်ပြီး အသက်အန္တရာယ်ဖြစ်စေနိုင်သည့် အီးစီးကရက်သောက်သုံးခြင်းကို အစလုပ်ပြီးမသောက်မိရန် လိုအပ်သကဲ့သို့ စွဲလမ်းနေပါကလည်း ဆေးလိပ်ဖြတ်သကဲ့သို့ ဖြတ်တောက်ရန် လိုအပ်သည်။ တာဝန်ရှိသူများနှင့် ကျန်းမာရေးအဖွဲ့အစည်းများကလည်း လိုအပ်ပါက အီးစီးကရက်ရောင်းချခြင်းများတွင် သတိပေးတားမြစ်ခြင်း၊ ကန့်သတ်ထိန်းချုပ်ခြင်းများပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ကိုးကား**

- Why vaping is bad for you. How It Works.

**ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)**

# မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ပြေ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်




**မင်းဘူး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ပြေ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။

မန်းရွှေစက်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှစတင်ကာ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် ၇၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မန်းရွှေစက်တော် ဘုရားရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမှာ ဖြစ်ပါတယ်။ အခုအချိန်က စပြီးတော့ ဆိုင်ခန်းတွေ ဖွင့်လှစ်ဖို့ လေလံခေါ်တဲ့ကိစ္စတွေလုပ်နေပါပြီ။ အနယ်အနယ်အရပ်ရပ်က ဘုရားဖူးတွေ နားနေဖို့၊ စားသောက်ဖို့၊ မင်းဘူးကနေ သွားလာနိုင်ဖို့ အစီအစဉ်တွေလဲ လုပ်ဆောင်နေပါတယ်" ဟု ဦးအေးကိုက ပြောပြသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်တွင် ဆိုင်ခန်းပေါင်း ၄၀၀ ခန့်၊ တည်းခိုဆောင် အလုံးပေါင်း ၈၀၀ ခန့်ကို ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဘုရားဖူးများကို ညအိပ်တည်းခို ခွင့်ပြုမည်ဖြစ်ကြောင်း၊ မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ ဆင်ပြတိုက်ရှိသည့် ရွှေစက်တော်မန်းချောင်း အပန်းဖြေ ဆင်စခန်းကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

**ASH**

# Hurry Up Tomorrow ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၄**

Hurry Up Tomorrow ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

လျှို့ဝှက်သည်းဖိုဇာတ်ကား အမျိုးအစားဖြစ်သည့် Hurry Up Tomorrow ဇာတ်ကား၌ ကမ္ဘာကျော် ပေါ့အဆိုတော် The Weeknd ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Hurry Up Tomorrow ဇာတ်ကားကို ဒါရိုက်တာ ထရေးအက်ဒွပ်ရှုက ရိုက်ကူးပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် The Weeknd နှင့်အတူ မင်းသား ဘာရီကိုဟမ်နှင့် မင်းသမီး ဂျင်နာအော်တေးဂါတို့လည်း ပါဝင်မည်ဖြစ်သည်။

ဒါရိုက်တာ ထရေးအက်ဒွပ်ရှုသည် A 24 ၏ It Comes at Night ဇာတ်ကား ထိတ်လန့်သည်းဖိုဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Hurry Up Tomorrow ဇာတ်ကားသည် The Weeknd အတွက် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် Christmas & Pre New Year Open Events ပွဲတော်ကို ပျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးရှိ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တွင် Christmas & Pre New Year Open Events ပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ ပျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ကြောင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်းကပြောပြ၍ သိရသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ Christmas & Pre New Year Open Events ပွဲတော်ကို တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှင့် MJE Company Limited တို့ ပူးပေါင်းကာ ဒီဇင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၃၀ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလတွင်း လာရောက်လည်ပတ်သူများအတွက် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ရောင်းချပေးမည့် ဈေးဆိုင်ခန်းများကိုလည်း ဖွင့်လှစ်ထားမည့်အပြင်




ပျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှာ ဒီဇင်ဘာလရဲ့ ပွဲတော်တစ်ခုဖြစ်တဲ့ ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်ကနေ ဒီဇင်ဘာ ၃၀ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲတော်မှာ မျက်လှည့်ပျော်ဖြေမှု၊ တိရစ္ဆာန်လိမ္မာလေးတွေရဲ့ စွမ်းရည်ပြပွဲ၊ ငှက်လိမ္မာလေးတွေနဲ့ ဓာတ်ပုံတွဲရိုက်တဲ့ အစီအစဉ်၊ ခေတ်ပေါ်အကတွေနဲ့ပျော်ဖြေတဲ့ အစီအစဉ်၊ တေးဂီတအဖွဲ့တွေရဲ့ ပျော်ဖြေတဲ့ အစီအစဉ်နဲ့အတူ အခြားအစီအစဉ်များစွာ ပါဝင်မှာဖြစ်ပါတယ်"ဟု ဦးသန်းမြင့်ထွန်းက ပြောပြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် လာရောက်အပန်းဖြေကြသူများ စိတ်ချမ်းသာစွာနှင့် လုံခြုံအေးချမ်းစွာ အပန်းဖြေနိုင်ရန် စီမံချက်များ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ASH**

# ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်လွန်ခဲ့

**နယူးယောက် ဒီဇင်ဘာ ၂၄**

ဒစ္စနီး ရုပ်ရှင်ကုမ္ပဏီသည် ယခုနှစ် သီတင်းပတ်အစောပိုင်းက ပြည်တွင်းဈေးကွက်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ကျော်လွန်ခဲ့ကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ် ကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်းမှာလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၆ ဘီလီယံထိ ရှိထားကြောင်း သိရသည်။

သို့ဖြစ်ရာ ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် ၂၀၁၉ ခုနှစ် နောက်ပိုင်း ကမ္ဘာတစ်ဝန်း နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရရှိခဲ့သည့် ပထမဆုံးရုပ်ရှင်ကုမ္ပဏီ အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ ဝင်ငွေအကောင်းဆုံး ဇာတ်ကားမှာ Inside Out-2 ဇာတ်ကားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၉ ဘီလီယံထိ ရှိခဲ့သည်။

ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ Deadpool and Wolverine ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်း စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၈ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# Anaconda ဟာသဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် စီစဉ်

**နယူးယောက် ဒီဇင်ဘာ ၂၄**

Anaconda ဟာသဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။




Anaconda ဇာတ်ကားသည် Anaconda (1997) ထိတ်လန့်သည်းဖိုဇာတ်ကားကို ဟာသရုပ်ရှင်ကားအဖြစ်ပြောင်းလဲရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Anaconda ဟာသဇာတ်ကားသစ်တွင် မင်းသား ပေါရုပ်နှင့် ဂျက်ဘလက်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂေါမီကန်က တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဗင်အက်တန်က ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဂေါမီကန်သည် မင်းသားကြီး နီကိုလပ်ကေ့၏ The Unbearable Weight of Massive Talent ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

ဒါရိုက်တာ လူးဝစ်အယ်လိုဆာ ရိုက်ကူးခဲ့သော မူလ Anaconda ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၆ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends commissioning of warships in commemoration of 77th Anniversary of Tatmadaw (Navy)




Senior General Min Aung Hlaing takes the salute of the commissioned warships.

**Nay Pyi Taw December 24**

With the aim of fully protecting the maritime interest of the State and exclusive economic zone of Myanmar, the commissioning of warships was held at the 77th Anniversary of Tatmadaw (Navy) of Republic of Union of Myanmar at the No 3 naval jetty in Yangon, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were retired commanders in chief (navy) and wives, Commander-in-Chief (Navy) Admiral Htain Win and wife, Commander-in-Chief (Air) General Tun Aung and wife, union level officials and wives, union ministers and wives, the Yangon Region chief minister and wife, senior military officers from Office of Commander-in-Chief and wives, the Yangon Command commander, the commander of naval command HQ, naval base commanders, war veterans, officers, other ranks and families of Tatmadaw (Navy) and honoured guests.

According to the agenda Chief of Staff (Navy) Vice-Admiral Aye Min Htwe explained the salient points of naval vessels to be commissioned. The commandant of Naval Shipyards presented papers related to the commissioned ships to the tactical flotilla commander.

Then, the Commander-in-Chief (Navy) presented scale-down replicas of warships commissioned at the ceremony to the Senior General. *See Page 14*



Senior General Min Aung Hlaing addresses the commissioning of warships in commemoration of the 77th Anniversary of Tatmadaw (Navy).



Senior General Min Aung Hlaing presents cash rewards for officers and other ranks for ship building.



Senior General Min Aung Hlaing onboard a commissioned warship.



Senior General Min Aung Hlaing hears report on warship building.

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing joins the auspicious ceremony to name and commission 135-metre Frigate built by Tatmadaw (Navy)






Senior General Min Aung Hlaing observes the 135-metre frigate built by Tatmadaw (Navy).

**Nay Pyi Taw December 24**

At the ceremony to mark the 77th Anniversary of Tatmadaw (Navy) of the Republic of the Union of Myanmar, Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the ceremony to name and commission a 135-metre Frigate built by the Tatmadaw (Navy) into service at the Naval Dockyard Command Headquarters in Thanlyin Station this morning.

Also present at the ceremony were retired commanders-in-chief (Navy) and their wives, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, union-level dignitaries and their wives, union ministers and their wives, the Yangon Region Chief Minister and his wife, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, the commander of Naval Control Command, commander of naval region commands, war veterans organization members and guests.

On the agenda, Admiral Htein Win reported on construction of the frigate and facts about the vessel.

At the ceremony to name the vessel, the Senior General read the naming of the vessel. He said that the Frigate was named "King Thalun" in honour of King Thalun for combatting internal enemies of the country, defending the external danger and adopting the standards and norms for development of the State.

As naval traditions, the 135-metre Frigate was commissioned into service with the acts of the Senior General in breaking the bottle of Champagne at the auspicious time while the military band of the Tatmadaw (Navy) played music.

The Commander-in-Chief (Navy) presented a scale model of the vessel and a gold axe used in commissioning the vessel to the Senior General.

The Senior General cordially conversed with officers and other ranks who participated in building the vessel and presented a fruit basket. They then had documentary photos taken.

The Senior General and party viewed launching the newly-commissioned 135-metre Frigate from the ship lift platform.

The 135-metre Frigate King Thalun was built at the Naval Dockyard Command Headquarters in March 2017 under the guidance of the Senior General. As it was a large volume, parts of the body were constructed separately, and then these were assembled. The Frigate is the largest vessel among other vessels built by the Tatmadaw (Navy). *See Page 14*



Senior General Min Aung Hlaing accepts a scale model of the frigate and a gold axe used in commissioning the frigate.




Senior General Min Aung Hlaing views round the commissioned frigate.




The commissioning of the frigate in progress.

*From Page 12*

Afterward, the Chief of Staff (Navy) carried out the commissioning process such as announcing the newly commissioned warships, raising the Navy Flag and the commissioning flag and ringing the bell eight times in its proper order.

The Senior General and party inspected the newly commissioned warships – two 63-metre long anti-submarine warfare water crafts -- while responsible officers explained salient points about them.

Afterwards, the Senior General and party posed for documentary photographs with guests.

The Senior General took the salute of guard of honour from the dais abroad the naval ship (Mottama) and inspected it. At that time, warships (Yangdine-aung) and (Yangyi-aung) fired a 21-gun salute in honour of the Senior General. Later, led by frigate (Aungzeya), frigate (Kyansittha), frigate (Hsinbyushin), corvette (Tabinshwehti), offshore patrol boat (Inle), and anti-submarine warfare water craft (Yanye-aung) in single line formation, led by 49-metre fast combat craft (Donbyan), naval ship No. 491, two warships and four fast patrol boats in line abreast formation, saluted the Senior General.

The first shell of the 21-gun salute was presented to the Senior General as a commemorative gift.

The Senior General then presented plaque of the Commander-in-Chief, certificates of honour, honorary cash awards, and gifts to officers and other ranks of the ships who took part in the saluting process and building the commissioned ships through the relevant officials.

Then, the Senior General delivered an address, saying today is an auspicious day for the Tatmadaw and the Tatmadaw (Navy) as a 135 meters long frigate built by the Tatmadaw(Navy) was named and commissioned into service while 63 meters long two anti-submarine ships built by the Tatmadaw (Navy) were commissioned into service. The frigate is installed with the flexible gear system and the combination of diesel and or gas (CODOG) system. It is to be proud of the fact that the Tatmadaw (Navy) is able to build vessels ranging from riverboats to frigates. In accordance with the motto "Combat Capabilities of the Navy Lie in the Strength of Vessels," the Tatmadaw (Navy) has turned itself from the buyer to the builder by building new warships.

Rich in valuable resources in and under the waters and natural beauties, the coastline of Myanmar is 1,260 knots long and comprises more than 1400 islands. To protect the priceless Myanmar waters, efforts are being made constantly to expand the Tatmadaw (Navy) so that it is modern, strong and capable. By building the Tatmadaw (Navy), it has completed the first phase of being a three dimensional combat ready navy capable of fully protecting the exclusive economic zone of Myanmar waters. Continued efforts must be made to turn it into an adjacent force projection navy/ regional navy in the second phase. As heavy and powerful warships are essential to do so, shipbuilding must be stepped up. To become a combat ready Tatmadaw (Navy), it must have three readiness including readiness of war vessels, readiness of weapons and systems and readiness of naval men. For competence, individual naval man must practice consistently and efforts must be made

To become a naval troop with combat power, the Tatmadaw (Navy) must have readiness of war vessels, readiness of weapons and systems and readiness of naval men and efforts must be made to be well versed in the use of weapons and weapon systems. It is necessary to hand down fine traditions to new generation officers and other ranks of the Tatmadaw and to perform duties responsibly to protect the Myanmar sea and its interests. In conclusion, the Senior General prayed that the Tatmadaw (Navy) would continue to live up to the reputation of the country and the Tatmadaw from its 77th anniversary to upcoming centuries and millenniums.

Then, the Senior General and party left No.3 Naval Jetty for Ayeyarwaddy Naval Base aboard Warship (Yadanarbon).

During the voyage, the commander-in-chief (Navy) presented emblems commemorating the 77th anniversary of the Tatmadaw (Navy) and newly commissioned warships.

Then, the Senior General and party signed the commemorative book for the 77th anniversary of the Tatmadaw (Navy) at the naval base and viewed the commemorative booths and exhibition booths organized by respective naval bases, shops selling souvenirs, traditional food, books and consumer goods produced by the Tatmadaw before cordially greeting officers, other ranks and families.

100

*From Page 13*

It is fully facilitated with the body structures, machines, electronics, weapons and weaponry systems. Efforts were made to develop inner parts of the vessel meeting the international war vessels. The vessel with 135 metres in length, 14.5 metres in breadth, nine metres in height and 4.1 metres in draught can withstand 3,500 tons of load, and it can drive 30 nautical miles per hour. The vessel can possess the capabilities to serve the missions of the 21st century navies. It has capability of defending conventional and unconventional threats on the frontline of Myanmar sea, conduct patrol and surveillance, combat invasion of terrorist organizations, and protect the water territory as well as control the sea territorial area of the State and perform search and rescue operations for humanitarian measures. As the Frigate which can be used in multi-military operations was added into the Tatmadaw (Navy), it can more effectively protect the Myanmar sea which can bring marine benefits to the State.

Frigate King Thalun was commissioned into service from 9:00 am to 10:04 am. The vessel anchored at the jetty of Naval Dockyard Command Headquarters at 11:24 am.

100

# Yearender: Mideast economies hit by regional conflicts in 2024 as cooperation with China gains momentum

**Istanbul December 24**

Amid the chaos of escalating conflicts in the Middle East in 2024, a complex economic landscape has emerged: While the warring nations grapple with crippling economic setbacks, oil-producing nations in the Gulf sustain steady growth, driven by rising oil prices and strategic economic transformation.

Most countries in the Middle East now recognize the importance of pursuing economic diversification and common development with the broader group of developing countries. In this process, deepening cooperation with China has emerged as a broad regional consensus. This year, cooperation between China and Middle Eastern countries has continued to progress steadily.

The conflicts in the Middle East have inflicted heavy human casualties and a significant economic toll on those countries directly involved.

The Palestinian territories are nearing economic collapse, with their largest economic contraction on record. Gaza's economy shrank by 86 percent in the first half of 2024, while the West Bank saw a 23-percent decline in economic activity over the same period amid challenges including a deep fiscal crisis, strained labor market, income disparity, and weakened demand, according to a World Bank Economic Monitoring Report published in December under the title of "Impacts of the Conflict in the Middle East on the Palestinian Economy."

Xinhua

# Lebanon files new complaint to UNSC over Israeli violations of ceasefire

**Beirut December 24**

The Lebanese Ministry of Foreign Affairs and Emigrants on Monday filed a complaint through the country's Permanent Mission to the United Nations in New York with the UN Security Council (UNSC) in response to Israel's repeated violations of its ceasefire agreement with Lebanon.

The Lebanese ministry said on social media platform X that between Nov. 27 and Dec. 22, Israel launched over 816 land and air attacks against Lebanon, shelling border villages, booby-trapping homes, destroying residential neighborhoods, and blocking roads.

Such violations complicate Lebanon's efforts to implement the provisions of UN Resolution 1701, hinder the Lebanese army's deployment in the south, and represent a serious threat to international efforts aimed at achieving regional security and stability, it said in the complaint.

Lebanon has continuously shown the utmost restraint and cooperation to avoid falling back into "the hell of war," it said, urging the UNSC to take a firm and clear position towards Israel's violations and work to oblige it to respect its obligations.

It also called for strengthening support for the UN Interim Force in Lebanon and the Lebanese army to protect Lebanon's sovereignty and help the country restore stability.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျူးဘားနိုင်ငံ ဆန်တီယာဂိုမြို့တွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်



ဟာဗားနား ဒီဇင်ဘာ ၂၄

ကျူးဘားနိုင်ငံ အရှေ့ပိုင်း ဆန်တီယာဂိုမြို့တွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ဒီဇင်ဘာ ၂၃ ရက်က လှုပ်ခတ်ခဲ့ကြောင်း ဥရောပ-မြေထဲပင်လယ် ငလျင်ဆိုင်ရာဗဟိုဌာန(EMSC)က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

EMSC ၏ အဆိုအရ အဆိုပါ ငလျင်သည် ဆန်တီယာဂိုမြို့၏ အနက် ၂၅ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်တီယာဂိုမြို့၏ ကမ်းရိုးတန်းတစ်လျှောက်တွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်များအဖြစ် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်အပါအဝင် ငလျင်အသေးစားလှုပ်ခတ်မှုပေါင်း ၁၀၀ ကျော် ယနေ့တွင် လှုပ်ခတ်ခဲ့ကြောင်း ကျူးဘားအမျိုးသား ငလျင်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ကျူးဘားနိုင်ငံ မြို့တော် ဟာဗားနားတွင် ထိခိုက်မှုမရှိခဲ့ကြောင်း၊ ဆန်တီယာဂိုမြို့တွင်မူ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုများမရှိခဲ့သော်လည်း အခြေခံအဆောက်အအုံ၊ နေအိမ်နှင့် လမ်းတချို့ အသေးစားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်ကြောင့် လူသေဆုံးမှုမရှိကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံ ဆန်တီယာဂိုမြို့၏ အရှေ့တောင်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် ပြတ်ရွေ့ကြောတစ်ခုရှိသဖြင့် ငလျင်လှုပ်ခတ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ Kilauea မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ချော်ရည်နှင့် မီးခိုးငွေ့များ အနီးပတ်ဝန်းကျင်သို့စီးကျ

ဝါရှင်တန် ဒီဇင်ဘာ ၂၄

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ Kilauea မီးတောင်သည် ဒီဇင်ဘာ ၂၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ချော်ရည်နှင့်မီးခိုးငွေ့များအနီးပတ်ဝန်းကျင်သို့ စီးကျခဲ့ကြောင်း USGS Hawaiian Volcano Observatory အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်ငွေ့များသည် မီးတောင်အထက် ကီလိုမီတာ ၈၀ ထိ ရောက်ရှိပျံ့နှံ့ခဲ့ပြီး မီးတောင်ရှိကျောက်တုံးကျောက်ခဲများလည်း အနီးပတ်ဝန်းကျင်သို့ လွင့်စဉ်မှုဖြစ်ပွားခဲ့ကြောင်း၊ Kilauea မီးတောင်ပေါက်ကွဲမှုသည် ကယ်ဒါရာနယ်မြေဘက်ခြမ်းရှိ မီးတောင်အစိတ်အပိုင်းမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေအိမ်များကို အန္တရာယ်ပြုနိုင်သည့်အခြေအနေမျိုး မဟုတ်ကြောင်း USGS Hawaiian Volcano Observatory အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းကနေ ချော်ရည်တွေ စီးကျခဲ့တယ်။ မီးတောင်အတွင်းကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကလဲ မီးတောင်အထက်ကီလိုမီတာ ၈၀ ထိ ရောက်ရှိပျံ့နှံ့ခဲ့ပါတယ်။ ကယ်ဒါရာနယ်မြေဘက်ခြမ်းက မီးတောင်အစိတ်အပိုင်း ပေါက်ကွဲခဲ့တာဖြစ်ပြီးတော့ မီးတောင်ကနေ ကျောက်တုံးကျောက်ခဲတွေ လွင့်စဉ်ခဲ့ပါတယ်။ မီးတောင်အတွင်းကနေ အမှုန်တွေ



လေထုအတွင်း လွင့်စဉ်ပျံ့နှံ့နေပြီးတော့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေလဲ လေထုအတွင်း ပျံ့နှံ့ခဲ့ပါတယ်။ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ရောနှောနေတဲ့လေထုဟာ လူသားတွေနဲ့ တိရစ္ဆာန်တွေကို အန္တရာယ်ဖြစ်စေနိုင်ပါတယ်"ဟု USGS Hawaiian Volcano Observatory အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းပြီး ရာသီဥတုဖောက်ပြန်မှုဒဏ် ခံနိုင်ရည်ရှိစေရန်အတွက် ငွေကြေးဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုခဲ့

ဒါကာ ဒီဇင်ဘာ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းပြီး ရာသီဥတုဖောက်ပြန်မှုဒဏ် ခံနိုင်ရည်ရှိစေရန်အတွက် ငွေကြေးဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းပြီး မြို့ပြအခြေခံအဆောက်အအုံနှင့် မြို့ပြစီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရန်၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန်နှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေရန်တို့အတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း သန်း ၉၀၀ တန်ဖိုးရှိသော ငွေကြေးဆိုင်ရာသဘောတူစာချုပ်ကို ဒီဇင်ဘာ ၂၂ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကို လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်အရ ပေးအပ်သော ဘဏ္ဍာငွေများသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ မြို့ပြအခြေခံအဆောက်အအုံ၊ မြို့ပြစီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေး စီမံကိန်းနှင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေရေး စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဘဏ္ဍာငွေမှ လေထုညစ်ညမ်းမှုကို လျှော့ချရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မြှင့်တင်ရန်၊ ရေရှည်တည်တံ့သော ရေအရင်းအမြစ်နှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများကို မြှင့်တင်ရန်၊ ဘင်္ဂလားဒေ့ရှ် မြစ်ဝကျွန်းပေါ်စီမံကိန်း(၂၁၀၀ ပြည့်နှစ်)၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေရန်နှင့် ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကိုမြှင့်တင်ရန် ရည်ရွယ်ချက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများကြောင့် စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသော မြို့ပြများတွင် နေထိုင်သူ ၁၇ သန်းခန့်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

Ref : Sputnik News
Trs : KZ

# ချီဒိုဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မာယိုတေပြည်သူများအတွက် ဘယ်လ်ဂျီယံနိုင်ငံက ယာယီရွက်ဖျင်တဲနှင့် Hygiene Kits များပံ့ပိုး

ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၄

မာယိုတေကျွန်းနိုင်ငံတွင် ချီဒိုဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူ မိသားစု ၇၁၇ စုအတွက် ဘယ်လ်ဂျီယံနိုင်ငံက လူသားချင်း စာနာထောက်ထားရေးအစီအစဉ်အရ ရွက်ဖျင်တဲများနှင့် Hygiene Kits အစုံ ၄၂၀ ကို ဒီဇင်ဘာ ၂၃ ရက်က ပံ့ပိုးခဲ့ကြောင်း ဘယ်လ်ဂျီယံအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဒဏ်ကြောင့် မာယိုတေအစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သော်လည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများအတွက် လုံလုံလောက်လောက် ပံ့ပိုးမှုများပြုလုပ်ပေးရန် အခက်အခဲများရှိနေကြောင်း၊ လူသားချင်း စာနာထောက်ထားရေးအစီအစဉ်ဖြင့် ပြင်သစ်နိုင်ငံကလည်း အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးနေသကဲ့သို့ ပြင်သစ်နိုင်ငံ၏ အကူအညီတောင်းခံပေးမှုအရ ဘယ်လ်ဂျီယံနိုင်ငံကလည်း လူသားချင်းစာနာထောက်ထားမှု အစီအစဉ်ဖြင့် ကူညီပံ့ပိုးပေးခြင်း ဖြစ်ကြောင်း သိရသည်။

"မာယိုတေပြည်သူတွေရဲ့ အဓိက လိုအပ်ချက်တွေကို ပြင်သစ်နိုင်ငံက ထုတ်ပြန်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ လူသားချင်း စာနာထောက်ထားရေးအစီအစဉ်အရ အမှန်တကယ်လိုအပ်နေတဲ့ပစ္စည်းတွေကို ကူညီပံ့ပိုးပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ လေကြောင်းကနေတစ်ဆင့် ပံ့ပိုးပစ္စည်းတွေ ပေးပို့နေပြီဖြစ်ပါတယ်"ဟု ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီး ဘားနက်ဒိက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဗာနွာတူငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၁၂ သန်းကူညီရန်ခွင့်ပြု

ပို့ဗီလာ ဒီဇင်ဘာ ၂၄

ဗာနွာတူနိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်က ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့၍ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဗာနွာတူအစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးအခက်အခဲများရှိနေသည့်အတွက် ကမ္ဘာ့ဘဏ်က ဗာနွာတူနိုင်ငံကို ကူညီပေးရန် အမေရိကန်ဒေါ်လာ ၁၂ သန်းခွင့်ပြုလိုက်ကြောင်း ပစိဖိတ်နှင့် နယူးဂီနီနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဒါရိုက်တာ စတီဖင်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗာနွာတူနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် အပျက်အစီးများခဲ့သည့် ပို့ဗီလာမြို့ကို ယာယီပိတ်ထားရသော်လည်း ယနေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပြီး ထူထောင်ရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဗာနွာတူအစိုးရက ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာ့ဘဏ်ရဲ့ အခုလိုပံ့ပိုးပေးမှုဟာ ဗာနွာတူနိုင်ငံ ငလျင်ဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အမြန်ဆုံးဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အားလုံး ပုံမှန်အတိုင်း အမြန်ဆုံး လည်ပတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ကမ္ဘာ့ဘဏ်ဒါရိုက်တာ စတီဖင်က ပြောကြားခဲ့သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးကုသမှုခံယူနေရသည့် လူနာဦးရေ ၂၀၀ ကျော်အနက် တချို့မှာ ဆေးရုံမှ ပြန်ဆင်းခွင့်ရနေပြီဖြစ်ပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သူတချို့မှာ ဆေးကုသမှု ဆက်လက်ခံယူနေဆဲဖြစ်ကြောင်း ဗာနွာတူ ကျန်းမာရေးဝန်ကြီးဌာနကလည်း ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ တပ်တော်ဝင်စစ်ရေယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ်ကြေညာခြင်း၊နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များဖြစ်သော ၆၃ မီတာရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ် နှစ်စီးတို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့်စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှအမြောက်၂၁ ချက်ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ)ဦးဆောင်သောဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့်စစ်ရေယာဉ်(အင်းလေး)နှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်(ရန်ရဲအောင်)တို့က ရှေ့နောက်တန်းပုံပြု (Single Line Formation)ပုံစံဖြင့်လည်းကောင်း၊ ၄၉ မီတာအမြန်သွားတိုက်ခိုက်ရေးရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ် ၄၉၁ ဦးဆောင်သော စစ်ရေယာဉ်နှစ်စီးနှင့် အမြန်သွားကင်းလှည့်ရေယာဉ်လေးစီးတို့က ရင်ပေါင်တန်းပုံပြု (Line Abreast Formation)ပုံစံများဖြင့် အသီးသီးပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏အထိမ်းအမှတ်တံဆိပ်(Plaque)၊ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

**ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများ မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်၊ လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ် အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လို. . .**

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့တွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်း၊ ၆၃ မီတာရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စီးအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ)တို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ၁၃၅ မီတာဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလိုရွေးချယ်ပြောင်းလဲအသုံးပြုနိုင်သည့် ဂီယာစနစ်ပါဝင်သည့်ဒီဇယ်(သို့မဟုတ်) Gas Turbine ပေါင်းစပ်မောင်းနှင်မှုစနစ် (Combination of Diesel or Gas–CODOG) ကို တပ်ဆင်ထားသည့် စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခုဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ **“ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်”ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တည်ဆောက်ကာ ဝယ်ယူအသုံးပြုသူအဆင့်မှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder)အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း**။

မြန်မာနိုင်ငံ၏ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း၁၄၀၀ကျော်ရှိကာ ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာတို့ဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကိုကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကိုခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့် ရေတပ်(Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adja–cent Force Projection Navy/Regional Navy)အဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ **ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများမဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသည့် အသင့်ဖြစ်မှု သုံးရပ်နှင့် ပြည့်စုံအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေးအမြဲမပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ် အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားမှ ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်(ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ) အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်(Plaque)အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်စဉ်။



ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ တပ်တော်ဝင်စစ်ရေယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်စဉ်။



တပ်တော်ဝင် စစ်ရေယာဉ်များကို တွေ့ရစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ်တံဆိပ်များအား ဂါရဝပြုပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၇) နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့်ပြခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များနှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## MPTA FM Application အသုံးပြု၍ နီးစပ်ရာစက်သုံးဆီဆိုင်များ၏ ဆီဈေးနှုန်းနှင့် လိုအပ်သလောက်ဝယ်ယူဖြည့်တင်းနိုင်ခြင်းရှိ၊ မရှိ သိရှိနိုင်

အများပြည်သူအနေဖြင့် Android Version ဖုန်းများဖြင့် နီးစပ်ရာ စက်သုံးဆီအရောင်းဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို လိုအပ်သလောက်ဝယ်ယူနိုင်ရန်အတွက် အသုံးပြုရန် Google Play Storeတွင် တင်ထားသည့် MPTA FM Application Logo ပုံစံ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်သူများ လက်ကိုင်ဖုန်း အသုံးပြု၍ နီးစပ်ရာစက်သုံးဆီအရောင်းဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုးအစားများကို မည်သည့်ဈေးနှုန်းများဖြင့် လိုအပ်သလောက် ဝယ်ယူဖြည့်တင်းနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် MPTA FM အမည်ရှိ Software Application တစ်ခု ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

MPTA FM Application တွင် နိုင်ငံအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ၊ အရောင်းဆိုင်ဖွင့်ချိန်၊ ပိတ်ချိန်၊ ရရှိနိုင်မည့် စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းစသည့် သတင်းအချက်အလက်များပါဝင်ပြီး ယင်း Application ကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့ ပူးပေါင်းရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ MPTA FM Applicationကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Android Version ဖုန်းများဖြင့် Google Play Store တွင် လွယ်ကူစွာ Download ရယူအသုံးပြုနိုင်ပြီဖြစ်ပြီး IOS Version ဖုန်းများတွင် App Store မှတစ်ဆင့် Download ရယူသုံးစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး "သာလွန်မင်း"ဟု အမည်ပေးအပ်စဉ်၊

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ် ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားအစီအစဉ်အရ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး တည်ဆောက်ခဲ့မှုနှင့် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား အမည်ပေးခြင်းမင်္ဂလာ အခမ်းအနားကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရေယာဉ်အမည် ပေးခြင်းမင်္ဂလာကို ဖတ်ကြားချီးမြှင့်ဆောင် ရွက်ရာတွင် နိုင်ငံ၏ပြည်တွင်းရန်ကိုနှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး **"သာလွန်မင်း"**ဟု အမည်ပေးအပ်သည်။

ဆက်လက်၍ ၁၃၅ မီတာ ဖရီဂိတ် စစ်ရေယာဉ်ကြီး ရေချပေးခြင်းမင်္ဂလာ အခမ်းအနားကို ရေတပ်ထုံးထမ်းစဉ်လာများအတိုင်း ဆောင်ရွက်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှန်ပိန်ပုလင်းခွဲ၍ ရေယာဉ်ကြီးကို ရေချပေး ပြီး တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့က ဂုဏ်ပြုတီးမှုတ်ကြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်ပုံစံငယ်နှင့် စစ်ရေယာဉ်ကြီး ရေချရာတွင် အသုံးပြုခဲ့သည့် ရွှေပုဆိန်တို့ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်ရေယာဉ်ကြီး တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ စစ်သည်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ ဂုဏ်ပြုလက်ဆောင် သစ်သီး ခြင်း ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးကို Ship lift Platform မှ ရေချခြင်းကို ကြည့်ရှုအားပေးခဲ့ ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ပိန်ပုလင်းခွဲ၍ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း" အား ရေချပေးစဉ်။

အဆိုပါတပ်မတော်(ရေ)က တည်ဆောက် ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေ ယာဉ်ကြီး **"သာလွန်မင်း"**ကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် ရေတပ်သင်္ဘော ကျင်းဌာနချုပ်၌ ရေခင်းမင်္ဂလာအခမ်း အနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရေယာဉ်ကြီးသည် ကြီးမား သည့်အတွက် ကိုယ်ထည်များ ခွဲခြား တည်ဆောက်ခဲ့ကာ ရေယာဉ်ကိုယ်ထည် ကြီးအဖြစ် တွဲဆက်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုစစ်ရေယာဉ်ကြီးသည် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များအနက် အရွယ်အစား အကြီးမားဆုံးဖြစ်ပြီး ခေတ်မီစစ်ရေယာဉ် တစ်စီး၏ လိုအပ်ချက်များနှင့်အညီ ကိုယ်ထည်ပိုင်း၊ စက်ပိုင်း၊ လျှပ်စစ်ပိုင်း၊ လက်နက်နှင့် လက်နက်စနစ်ပိုင်းတို့ကို ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရေယာဉ်အတွင်းပိုင်း အခန်း ဖွဲ့စည်းမှုများနှင့် စနစ်များကိုလည်း နိုင်ငံတကာခေတ်မီ စစ်ရေယာဉ်ကြီးများ နည်းတူ ကောင်းမွန်စေရေး ကြိုးပမ်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေယာဉ် ဆိုင်ရာ အချက်အလက်များအနေဖြင့် အလျား ၁၃၅ မီတာ၊ အနံ ၁၄ ဒသမ ၅ မီတာ၊ အမြင့် ကိုးမီတာ၊ ရေစူး ၄ ဒသမ ၁ မီတာ၊ ဝန်ပြည့်အလေးချိန် တန် ၃၅၀၀ ရှိပြီး အမြန် နှုန်း ၁ နာရီလျှင် ရေမိုင် ၃၀ အထိ မောင်းနှင် နိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအနေ ဖြင့် ၂၂ ရာစု ရေတပ်များ၏ ရည်မှန်းချက် တာဝန်များနှင့် **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်ကြီးတည်ဆောက်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ စစ်သည်များအတွက် ဂုဏ်ပြုလက်ဆောင်သစ်သီးခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေယာဉ်ကြီးတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ စစ်သည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း"အား ရေချပေးခြင်းမင်္ဂလာအခမ်းအနားကျင်းပစဉ်၊





၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း"ကို တွေ့ရစဉ်၊

**စာမျက်နှာ ၁၉ မှအဆက်**

စွမ်းရည်များကို ပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တာဆီး တိုက်ပွဲဝင်နိုင်ခြင်း၊ ကင်းလှည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ ကျူးကျော်မှုများကို တိုက်ဖျက်ခြင်းနှင့် ရေပြင်နယ်နိမိတ်ကာကွယ်ခြင်း၊ မိမိနိုင်ငံပိုင်နက် ပင်လယ်ပြင်ကို ထိန်းချုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ဆင်ရေးနယ်ပယ်မျိုးစုံတွင် အသုံးပြုနိုင်သော စစ်ရေယာဉ်ကြီးကို ဖြည့်တင်းတည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများ ဖြစ်ထွန်းတည်ရှိရာ မြန်မာ့ပင်လယ်ပြင်ကို ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး **"သာလွန်မင်း"**ကို ယနေ့နံနက် ၉ နာရီတွင် စတင်ရေချခဲ့ပြီး ၁၀ နာရီ ၄ မိနစ်တွင် စစ်ရေယာဉ်တစ်စီးလုံး ရေထုအတွင်းသို့အောင်မြင်စွာရောက်ရှိခဲ့ကြောင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်တံတားသို့ ၁၁ နာရီ ၂၄ မိနစ်တွင် ရောက်ရှိဆိုက်ကပ်ထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန်အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဆင်ပေါင်ဝဲမြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် ဒီဇင်ဘာ ၂၄


ယနေ့နံနက် ၀၀ နာရီ ၂၇ မိနစ် ၂၅ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆင်ပေါင်ဝဲမြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၈ ဒီဂရီ၊ အနက် ၆၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ဘဏ်ပိတ်ရက်များနှင့် ဖွင့်ရက်များ ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (အင်္ဂါနေ့)၊ ၂၀၂၅ ခုနှစ် မတ် ၁၂ ရက် (ဗုဒ္ဓဟူးနေ့)နှင့် မတ် ၁၄ ရက် (သောကြာနေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃ ရက် (တနင်္လာနေ့)၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (သောကြာနေ့)များသည် **"အများပြည်သူ အလုပ်ပိတ်ရက်များ"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (စနေနေ့)၊ ၂၀၂၅ ခုနှစ် မတ် ၂၂ ရက်(စနေနေ့)နှင့် မတ် ၂၉ ရက်(စနေနေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၈ ရက် (စနေနေ့)၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)များသည် **"အလုပ်ဖွင့်ရက်များ"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ဖွင့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇)ကြိမ်မြောက်တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသအမှူးပြုသော တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဩဝါဒပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသက သာရဏီယဩဝါဒကထာကို မိန့်ကြားတော်မူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာ ရောက်ရှိချိန်မှစ၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူအပ်သော ပိဋကတ်ကျမ်းစာများ၊ ပုဒ်၊ ပါဌ်၊ အက္ခရာမှစ၍ မချွတ်ယွင်း မတိမ်းပါးအောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ယနေ့မျက်မှောက်ခေတ်ကာလတိုင်အောင်ဖြစ်ပါကြောင်း၊ ပရိယတ္တိဝန်ဆောင်ဆရာတော်များ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သလို ပရိယတ္တိအရာမှာလည်း ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများပေါ်ထွန်းခဲ့ပါကြောင်း၊မြတ်စွာဘုရားရှင်ဟောကြားတော်မူအပ်သော ပိဋကသုံးပုံအာဂုံဆောင်နိုင်သော သာသနာ့အာဇာနည်အရှင်မြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေသောကြောင့် မြန်မာနိုင်ငံသာသနာသည် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်လျက်ရှိပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၉၁၄၀၀၀၀၀ ကိုလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က အဋ္ဌကထာကျမ်းစာအုပ်များကို တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်သစ် ဓမ္မသမိဒ္ဓိကျောင်း မဟာနာယက အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ (၇၇)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုတော်မူကြသော စာပြန်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့စတင်ကျင်းပသည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ၄၆၂ပါးဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့မီးရထားက နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်- ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်- ရန်ကုန်ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါ နေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇.၁၂.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၂ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၃ | ၂၈.၁၂.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၄ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၆ | ၁.၁.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၇ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၈ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၁၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း နေပြည်တော်-မန္တလေး-နေပြည်တော်ခရီးစဉ်အဖြစ် အမှတ်(၂၅) အဆန်/(၂၆)အစုန် RBE ရထားအား ဒီဇင်ဘာ ၂၃ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၂၅)အဆန် RBE ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁ နာရီထွက်ခွာ၍ မန္တလေးသို့ ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၂၆) အစုန် RBE ရထားသည် မန္တလေးမှ နံနက် ၄ နာရီ ၄၅ မိနစ်တွင်ထွက်ခွာ၍ နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင်လည်းကောင်းအသီးသီးဆိုက်ရောက်/ထွက်ခွာပေးလျက်ရှိသည်။ ထို့အတူ သာစည်-မန္တလေး-သာစည် ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေးဆွဲပေးလျက်ရှိသော အမှတ်(၃၀၁)အဆန် RBE ရထားသည် သာစည်မှ နံနက် ၅ နာရီခွဲတွင်ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၃၀၂) အစုန် RBE ရထားသည် မန္တလေးမှ မွန်းလွဲ ၂ နာရီခွဲတွင်ထွက်ခွာ၍ သာစည်သို့ ည ၆ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားပြည်သူများလိုက်ပါစီးနင်းမှုအပေါ်မူတည်၍ ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့်ရထားများတွင် ဝန်ချိန်ပြည့်တွဲဆိုင်းများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များ လွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခန္ဓနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အပူပိုင်းမုန်တိုင်း "ပါဘက်" ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"ပါဘက်"(PABUK)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါအပူပိုင်းမုန်တိုင်း"ပါဘက်"သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေအနီးသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှပြန်လည်ထွက်ခွာသည်။

ထို့ပြင် (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို သန်လျင်တပ်နယ် မဟာနာဝါနီကဇယမင်္ဂလာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သန်လျင်မြို့နယ် သံဃနာယကဩဝါဒစရိယ သုဓမ္မာဝိနည်းဓိုရ် ပဝါရဏာဂိုဏ်းဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိ ကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သန်လျင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ သုဓမ္မာဝိနည်းဓိုရ် ပဝါရဏာဂိုဏ်းဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြသည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## ၇၇ နှစ်ပြည့် တပ်မတော်(ရေ)

➤ တပ်မတော်(ရေ)
ကမ္ဘာမြေနှံ့၊ ရေပြင်မြေပြင်
ခရီးနှင်ခဲ့၊ သက်လျင်တွက်စစ်
၇၇ နှစ်ပင် ပြည့်မြောက်ခဲ့ချေပြီ...။

➤ ငွေရတု ရွှေရတု
စိန်ရတုမှသည်၊ ရတုလီလီ
ရှေ့သို့ချီမြဲ၊ ပြည်သူမှဖွား
ပြည်သူ့သားတို့၊ အားမာန်ကိုလွှင့်
ဓားလှံကိုဝင့်၊ ခေတ်နှင့်ညီစွာ
တည်ရှိလာသည့် တပ်မတော်(ရေ)...။

➤ "တိုက်လည်းဖြိုးဖြိုး
ထိုးလည်းရတ်ရတ်၊ ဆုတ်လည်းညီညီ
ချီလည်းကြွကြွ၊ ချလည်းကြပ်ကြပ်
ရပ်လည်းမှန်မှန်၊ ပြန်လည်းစိုက်စိုက်
စစ်တိုက်ပီပီ၊ စစ်ချီစစ်သွား
ဖြစ်သောအားကြောင့်" ဆိုထားသည့်စာ
ရင်မှာပိုက်စွဲ၊ ဆင်ကာနွှဲခဲ့
အောင်ပွဲများနှင့် တပ်မတော်(ရေ)...။

➤ လွတ်လပ်ရေးနှင့်
တိုင်းရေးပြည်ရာ၊ အဖြာဖြာတွက်
ညီစွာစုထား၊ ရေတပ်သားတွေ
အင်အားထပ်ထပ်၊ ဇွဲစိတ်ဓာတ်နှင့်
ရေတပ်၏ဂုဏ်၊ လှိုင်းမာန်ဟုန်ကြွ
၁၉၄၇ မှ၊ ယနေ့ထိတိုင်
ပြည့်မဏ္ဍိုင်ဟည်း၊ ခိုင်မာပြီးစေ
ထီးကျိုးစည်ပေါက်၊ ဘယ်သူ့အောက်မှ
ဒူးထောက်မခံ၊ ဇာတိမာန်နှင့်
"လေ့ခွက်ချည်းကျန်၊ အလံမလှဲ"
ပြည်သူထဲက တပ်မတော်(ရေ)...။ ။

ပုသိမ်မောင်သောင်းယဉ်

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၄ ရက်မှ ၃၁-၃-၂၀၂၅ ရက်ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၅ ရက်မှ ၁၆-၅-၂၀၂၅ ရက်ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

# တိုးတက်အောင်မြင်ပါစေ တပ်မတော်(ရေ)

မောင်ရဲမျိုး

Toll Gate ဝန်ထမ်းက ပေးသော ပြေစာကို ကျွန်တော်လက်ထဲမှ ၅၀၀ ကျပ်တန်နှင့် လဲယူလိုက်ပြီး လီဗာကို အသာဖိနင်းလိုက်သည်။ တံတားအထက်ရှိ Slow Down ကို ကျော်သွားသည့်နောက် ကျွန်တော့်ကားကလေးမှာ မြားတစ်စင်းက ပစ်လိုက်သလို လေဟုန်ကိုခွင်း၍ ပြေးထွက်သွားသည်။ ဒီဇင်ဘာလနောက်ဆုံးပတ်၏ နံနက်ခင်းလေအေးကို အရသာခံရင်း ကားမှန်များထပ်ချလိုက်ရာ အအေးဓာတ်၏ ထိတွေ့မှုကို ပိုခံစားရသည်။

မကြာမီက ဖွင့်လှစ်ထားသော သန်လျင်-ရန်ကုန် အမှတ်(၃)တံတားပေါ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်ရာ Star Cityမှ မိုးမျှော်တိုက်တာများကို တွေ့ရှိရသည်။ ပဲခူးမြစ်အတွင်း စီတန်းကျောက်ချထားသော ရေယာဉ်အသီးသီးကို မြင်ရ၏။ နံနက်ခင်းစောစော ယာဉ်အသွားအလာရှင်းသဖြင့် တံတားအဆင်းသို့ တစ်ခဏအတွင်း ရောက်ရှိခဲ့သည်။ ယခင်က ရန်ကုန်မှ သန်လျင်သို့ သွားရာတွင် သန်လျင်အမှတ်(၁) တံတားကိုသာ အသုံးပြုခဲ့ကြရသည်။ အမှတ်(၂) တံတား(ကုလားဝဲတံတား)မှာ ကွန်တိန်နာကုန်တင်ယာဉ်များသွားလာရန်အတွက် ဦးစားပေးဖောက်လုပ်ထားခြင်းဖြစ်ပြီး ၎င်းတံတားအသုံးပြုပါက ခရီးရှည်မှုရှိပါသည်။ ထို့ကြောင့် သန်လျင်တံတားအမှတ်(၁) ကိုပင် အသုံးများကြရာ ယာဉ်ကြောကျပ်တည်းမှု ဒုက္ခကို ခံစားကြရသည်။ တစ်ခါတစ်ရံ တံတားပေါ်တွင်ကားပျက်ပါက ယာဉ်ကြောပိတ်ဆို့ပြီး အခက်အခဲများစွာဖြစ်ကြရသည်။ ယခု သန်လျင်အမှတ်(၃) တံတားပြီးစီးသွားပြီဖြစ်၍ ရန်ကုန်-သန်လျင်ကို လျင်မြန်ချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုရလဒ် အသီးအပွင့်များပင်ဖြစ်ပေသည်။

တံတားအဆင်းမီးပွိုင့်ကို ကျော်လာသောအခါ သံဆူးကြိုးအတားအဆီးများနှင့် လုံခြုံရေးဂိတ်ကို တွေ့ရ၏။ နာရီစင်မီးပွိုင့်ကျော်လာသောအခါ ညီညာဖြောင့်ဖြူးသော လမ်း၊ သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်နေသောလမ်းဘေးပတ်ဝန်းကျင်ကို သတိထားမိသည်။ မရောက်တာကြာပြီဖြစ်သော သန်လျင်မြို့သည် ကျွန်တော့်ကို တိုးတက်ပြောင်းလဲမှုများစွာဖြင့် ကြိုဆိုနေပါသည်။

လူစည်ကားလွန်းသော အောင်ချမ်းသာကားဂိတ်တွင် ကားကို ဖြည်းဖြည်းသာမောင်းနှင်လာခဲ့သည်။ မနက်စောစောတွင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အေးချမ်းသာယာလုပ်ကိုင်စားသောက်နေကြသော ပြည်သူများကိုကြည့်၍ ဝမ်းသာပီတိဖြစ်မိ၏။ တရားဥပဒေစိုးမိုးရေးရှိမှသာ နယ်မြေဒေသအေးချမ်းမည်၊ နယ်မြေဒေသအေးချမ်းမှသာ ပြည်သူအများစီးပွားရှာဖွေလုပ်ကိုင်စားသောက်နိုင်မည်မှာ ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ဆက်စပ်နေပါသည်။

၁၈ ကုန်းထိပ်သို့ ရောက်သောအခါ ရွှေရောင်တဝင်းဝင်းနှင့်ကျိုက်ခေါက်စေတီတော်ကြီးကို နံနက်ခင်းနေရောင်အောက်တွင် သပ္ပာယ်စွာ ဖူးတွေ့ရသဖြင့် ကားစတီယာရင်ပေါ် လက်အုပ်ချီဦးချကန်တော့မိသည်။ ကျိုက်ခေါက်စေတီတော်ကြီးအနီး ကုန်းထိပ်မရောက်မီ ယာဘက်ခြမ်းကွက်လပ်တွင် ဘုရားပွဲတော်၌ ထည့်သွင်းကျင်းပမြဲဖြစ်သော ဇာတ်ရုံများဆောက်လုပ်ရာ ကွင်းပြင်ကြီးကို တွေ့ရ၏။ ဆိပ်ကြီးရေတပ်လေ့ကျင့်ရေးကျောင်းဌာနချုပ်တွင် စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်း တက်ရောက်စဉ် ကျိုက်ခေါက်ဘုရားပွဲ ပွဲဈေးတန်းလျှောက်၊ ဘူးသီးကြော်ဆိုင်ထိုင်၊ ပွဲခင်းထဲ ပွဲဝင်ကြည့်ခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိပါသည်။ အတိတ်အကြောင်း အတွေးနယ်ချဲ့မိ၏။ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ၊ တပ်မတော်(ရေ)မှ အငြိမ်းစားယူခဲ့သည်ပင် ၁၀ နှစ်ရှိခဲ့ပါပြီ။

ဘုရားကုန်းဆင်းမီးပွိုင့်မှ ဝဲဘက်ကို လှမ်းမျှော်ကြည့်လိုက်ရာ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်သို့ သွားသောကားလမ်းကြီးကို မျက်စိတစ်ဆုံး လှမ်းတွေ့နေရသည်။ ယာဘက်တွင် အမှတ်(၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်သို့ သွားသောလမ်းဖြစ်သည်။ တပ်မတော်(ရေ)စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းတက်စဉ်က ယခုကဲ့သို့ ကားများ၊ ဆိုင်ကယ်များ မပေါများမီ ကမ်းတက်ခွင့်(Liberty) နောက်ကျ၍ ဖယ်ရီကားမမီပါက လယ်ကွင်းများမှ ရေကန်များကို ဖြတ်ပြီး ဖန်ချက်စက်ရုံအနီး လမ်းမပေါ်သို့ ထွက်ကာများကို ကျေပွန်စွာထမ်းဆောင်နေကြောင်း တွေ့ရှိရပါသည်။ ဖန်ချက်စက်ရုံကျော်လာတော့ ရိုးပြတ်များနှင့် လယ်ကွင်းများကို တွေ့ရသည်။ အချို့လယ်ကွင်းများမှာ နွေစပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်နေကြသည်ကို ဟိုတစ်ကွက် ဒီတစ်ကွက်တွေ့နေရသည်။ စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ပေးနေသော နိုင်ငံတော်အစိုးရကို ကျေးဇူးတင်မိသည်။ မည်သည့်အစိုးရတက်တက် မိမိတာဝန်ကျေပွန်ရမည်၊ မိမိအလုပ် မိမိလုပ်ရမည်ဖြစ်ပါသည်။

ဆောင်းလေနှင့်အတူပျံ့ဝဲလာသည့် ရိုးပြတ်ရနံ့ကို ရှူရှိုက်ရင်း ဆိပ်ကြီးရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့သွားရာ လေးခွဆုံလမ်းမှတစ်ဆင့် MITT နှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ သွားရာ သုံးခွဆုံလမ်းခွဲကို ကျော်လာသည်။ ပြင်ပမှ မိတ်ဆွေများ ရေတပ်သို့ လာရောက်လည်ပတ်ပါက မကြာခဏလမ်းမှားပြီး MITT သို့ ရောက်သွားတတ်သည့်နေရာဖြစ်သည်။ လမ်းဆုံကျော်ပြီး MITT သို့သွားသည့် တောင်းလိုက်ပါသည်။ ဗိုလ်မှူးဝတ်စုံနှင့် ငွေစာရင်းအရာရှိက ကျွန်တော့်ကို မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ကျွန်တော့်စိစစ်ရေးကတ်ကို တောင်းယူကာ စစ်သည်လစာစာရင်း တောင်းခံလွှာနှင့် တိုက်ဆိုင်ကြည့်ပါသည်။ ကျွန်တော်ကပဲ စမတ်ကျကျအလေးပြုလိုက်လို့ပဲလား မပြောတတ်ပါ။ ဘာမှထွေထွေထူးထူးပြောမနေတော့ဘဲ လစာများထုတ်ပေးလိုက်ပါသည်။ ကျွန်တော်လစာများယူပြီး အမြန်ပြန်ထွက်ရန် ပြင်လိုက်စဉ် စိစစ်ရေးကတ်ထဲကလက်မှတ်နှင့် အပြင်က လက်မှတ်တူအောင်ထိုးရန် လှမ်းသတိပေးလိုက်ရာ ကျွန်တော်ကသတိဆွဲပြီး "ဟုတ်"ဟုအကျယ်ကြီးအော်ဖြေပြီး အခန်းအပြင်သို့သုတ်ခြေတင်လိုက်ပါသည်။ နောက်မှ စုံစမ်းကြည့်ရာ အဆိုပါငွေစာရင်းအရာရှိမှာ ဗိုလ်မှူးဒေါ်ခင်စန်းသွင်ဖြစ်ကြောင်း၊ စည်းကမ်းအလွန်ကြီးကြောင်း၊ ခင်ပွန်းဖြစ်သူမှာလည်း တပ်မတော်(ရေ)မှပင် ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ယခု အငြိမ်းစား)ဖြစ်ကြောင်း စသည်ဖြင့် ကြားသိရပါသည်။



ကားကြုံတားစီးခဲ့ရသည်။ ထိုအချိန်က များသောအားဖြင့် စက်ဘီးကယ်ရီများကို အားထားရသည်။ ကျိုက်ခေါက်ဘုရားကိုအရောက်သွား၍ ၎င်းမှကျောက်တန်းကား၊ သုံးခွကားများကို တိုးဝှေ့တွယ်ကပ်စီးကာ သန်လျင်သီတာဆိပ်သို့ ချီတက်ရသည်။ သီတာသင်္ဘောများဖြင့် ညောင်တန်းသို့ သွားကာ နေအိမ်ဆီသို့ အဆင့်ဆင့်သွားခဲ့ကြရသည်။ ယခုတော့ အရာအားလုံးသည် အတိတ်မှာကျန်ခဲ့ပြီ။

လွန်ခဲ့သော ငါးရက်ခန့်က ကျွန်တော့်လက်ကိုင်ဖုန်းကို ဖုန်းတစ်ခုဝင်လာပြီး သန်လျင်တပ်နယ်မှ တာဝန်ရှိသူတစ်ယောက်က တပ်မတော်(ရေ)နေ့ အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း ရှိ၊မရှိ မေးခဲ့ပါသည်။ ကျွန်တော်ကတက်ရောက်နိုင်ကြောင်း မဆိုင်းမတွပြန်ဖြေလိုက်ပါသည်။ တက်ရောက်နိုင်က ဖိတ်ကြားပါကြောင်း၊ အချိန်မီကြွရောက်ရန် ထပ်မံတင်ပြပါသည်။ ကျွန်တော်က အကျိုးအကြောင်းမေးကြည့်ရာ တပ်မတော်(ရေ)အတွက် အားသစ်လောင်းမည့်နေ့ဖြစ်၍ စစ်မှုထမ်းဟောင်းများအား တက်ရောက်ရန် ဆက်သွယ်ဖိတ်ကြားရခြင်းဖြစ်ကြောင်း ပြည့်စုံစွာရှင်းပြပါသည်။ တပ်မတော်(ရေ)မှ အငြိမ်းစားယူပြီးဖြစ်သော်လည်း သန်လျင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အနေဖြင့် ကျွန်တော့်ကို ဖိတ်ကြားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ဂုဏ်ယူကျေနပ်လည်းဖြစ်မိပါသည်။ တပ်မတော်(ရေ)မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်မိသည်။

ကျွန်တော်တို့ငယ်စဉ်က ဟောင်းနွမ်းနေခဲ့သော သန်လျင်-သီလဝါသွားကားလမ်းနံဘေးရှိ ဖန်ချက်စက်ရုံမှာ ယခုအခါ သစ်သစ်လွင်လွင်နှင့် နိုင်ငံ့တာဝန်ရထားလမ်းကို အရှိန်နှေးနှေးဖြင့် ဖြတ်ကျော်လိုက်သည်။ ငယ်စဉ်ဆိပ်ကြီးတွင် သင်တန်းတက်စဉ်က သန်လျင်ဘက်အပြန် ကားကြုံမရှိသောကြောင့် ရထားကို တားစီး၍ အကြုံလိုက်ခဲ့ဖူးသည်ကို သတိရမိပါသည်။

တပ်မတော်(ရေ)တွင် အမျိုးသမီးအရာရှိစစ်သည်များကို ခန့်အပ်တာဝန်ပေးလာကြောင်း မြင်တွေ့ကြားသိနေရပါသည်။ ကျွန်တော်တို့တပ်ထဲရောက်စ တပ်မတော်(ရေ)တွင် အမျိုးသမီးအရာရှိ၊ စစ်သည်များ တာဝန်ထမ်းဆောင်သည်ကို တွေ့ရှိရပါသည်။ အဆိုပါအမျိုးသမီးအရာရှိများ၏ စည်းကမ်းလိုက်နာမှု၊ စနစ်တကျရှိမှုတို့ကို ကိုယ်တိုင်ကြုံခဲ့ပါသည်။ တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းဆင်း၍ ဗျူဟာစစ်ရေယာဉ်စုလက်အောက်ခံ စစ်ရေယာဉ်တွင် တွဲဖက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် စစ်ရေယာဉ်မှူး၏ တာဝန်ပေးအပ်မှုအရ ဗိုလ်အောင်ကျော်ဆိပ်ကမ်းရှိ ရေတပ်ပင်မတိုင်းတာရေးတပ်ငွေစာရင်းဌာန(ယခင် Mayo Marine Club)တွင် စစ်သည်များ၏ လစာသွားထုတ်စဉ်ကဖြစ်ပါသည်။ ကျွန်တော်တို့စစ်ရေယာဉ်များမှ လစာလာထုတ်ကြရာ ငွေစာရင်းအရာရှိထံတွင် အစဉ်လိုက်တန်းစီဝင်တွေ့ပြီး လစာထုတ်ကြရပါသည်။ ကျွန်တော့်ရှေ့က စီနီယာဗိုလ်ကြီးတစ်ယောက်ကို ငွေစာရင်းအရာရှိက ဆူပူနေသည်ကို အခန်းအပြင်မှ ကျွန်တော်အတိုင်းသားကြားနေရပြီး ခြေဖျားလက်ဖျားပင်အေးစက်နေပါသည်။ မျက်နှာမသာမယာနှင့် ဗိုလ်ကြီးထွက်သွားသောအခါ ကျွန်တော် ဖြောင်းကနဲ သတိမတ်နေအောင်ဆွဲ၍ စမတ်ကျကျအလေးပြုပြီး ဝင်ခွင့်ပြုရန်

အမျိုးသမီးတို့၏ သဘောသဘာဝနှင့် ကိုက်ညီသော လုပ်ငန်းတာဝန်များ တပ်မတော်(ရေ)တွင် အများကြီးရှိပါသည်။ ကျွန်တော့်နောင်တော်ကြီး ရေတပ်ပင်မတိုင်းတာရေးတပ် တပ်မှူးကြီးကလည်း ပြောဖူးပါသည်။ သူ့တပ်တွင် အမျိုးသမီးအရာရှိ၊ စစ်သည်များ ခန့်အပ်တာဝန်ပေးအပ်ထားကြောင်း၊ အသုံးတည့်အားကိုးရကြောင်း၊ အထူးသဖြင့် စိတ်ရှည်ရှည်နှင့် ဖွဲ့ရှိရှိလုပ်ရသောပုံဆွဲ(Carto)လုပ်ငန်း၊ ENC(Electronic Navigation Chart-ENC) အီလက်ထရောနစ်ရေပုံရေးဆွဲခြင်းလုပ်ငန်းများ၊ ဒီရေတွက်ချက်သည့်လုပ်ငန်းများတွင် တည်ငြိမ်စွာအချိန်ပေးလုပ်ကိုင်ကြကြောင်း၊အချိန်ပေးအာရုံစိုက်မှုမှာ အမျိုးသားစစ်သည်များနှင့်ကွာကြောင်း ပြောကြားပါသည်။ မည်သူမဆို သင့်တော်သည့်တာဝန်ပေးအပ်ပါက တိုးတက်အောင်မြင်မှုရရှိမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

စစ်ဆေးရေးဂိတ်အလွန် ပတ်ဝန်းကျင်မှာ ဖြောင့်ဖြူးညီညာသောကားလမ်းမ၊ ပြန့်ပြူးသောလမ်းပခုံးနှင့် ပန်းရစွာစိုက်ပျိုးထားသော ထန်းပင်တန်းကို မျက်စိတစ်ဆုံးမြင်တွေ့ရပါသည်။ ကျွန်တော်တပ်က အငြိမ်းစားယူစဉ်က အပင်ပေါက်ဘဝသာရှိသေးသော ထန်းပင်များမှာ ယခုအခါ မော့ကြည့်ရသည့်အနေအထားရောက်နေပါပြီ။ နံနက်ခင်းနေရောင်အောက်တွင် ဝေဖြာနေသော ထန်းလက်များမှာ ကြည့်၍ပင်ကောင်းနေသေးတော့သည်။ ကားလမ်း၏ ဝဲဘက်ခြံစည်းရိုးအတွင်း ဂေါက်ကွင်း Green ခုံကို တွေ့လိုက်ရ၍ ဘရိတ်ကိုပင် ယောင်မှားနင်းမိပါသည်။ စိမ်းစိုနေသော Fair Way နှင့် Green ခုံအလယ်မှ အလံတိုင်နှစ်တိုင်မှာ **စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

ကျွန်တော့်ကို လက်ယပ်ခေါ်နေသည့်နှယ် ယခင်က ဖျိုက်တော၊ ပရုန်းတောဖြင့် ဖုံးအုပ်နေသည့် နေရာတွင် စိမ်းစိုနေသောဂေါက်ကွင်းက နေရာယူနေပြီဖြစ်ပါသည်။

အတွေးစများဖြင့်ဆက်လက်မောင်းနှင်လာခဲ့ရာ အခမ်းအနားကျင်းပသည့် နေရာသို့ ရောက်ရှိလာပါတော့သည်။ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်း မောင်းဝင်လိုက်သည်နှင့် သစ်ပင်၊ ပန်းပင်များ ဝေဝေဆာဆာနှင့် စိမ်းလန်းစိုပြည်ရှိလှပါသည်။ လမ်းဘေး ရေကန်များတွင် ကြာပန်းများနှင့် ရေပျော်ငှက်များ၊ ဗျိုင်းများက အုပ်လိုက်အစာရှာနေကြသည်မှာ ကြည့်၍ပင် ကောင်းတော့သည်။ ဌာနချုပ်ပင်မဂိတ်သို့ လှမ်းကွေ့လိုက်စဉ် ဗဟိုကင်းမှ "အလေးပြု"ဆိုသည့် အမိန့်သံကြောင့် ကျွန်တော့်ညာလက်မှာလည်း အလိုလိုအလေးပြုမိပါသည်။ ဗဟိုကင်းမှာ လမ်းနှင့် အနည်းငယ်ကွာလှမ်းနေ၍ ကျွန်တော့်အား အရာရှိ ထင်ကာ အလေးပြုလိုက်ခြင်းဖြစ်ပါသည်။ အငြိမ်းစားယူခဲ့သည်မှာ ၁၀ နှစ်ကျော်ခန့် ရှိပြီဖြစ်သော်လည်း အလိုလိုအလေးပြုမိလျက်သားဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် **“တစ်ကြိမ်စစ်သားဖြစ်ဖူးသူသည် အမြဲထာဝရစစ်သားဖြစ်သည်” (Once a Soldier, Always a Soldier)**ဟု မှတ်ချက်ပြုခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ် **“တည်ဆောက်ပြုပြင်၊ ဆန်းသစ်လွင်”** သူတို့၏ ဘူမိနက်သန်၊ နေရာမှန်ကို ခြေချမိသည့်မြင်ကွင်းအားလုံး လုံးဝပြောင်းလဲသွား၍ မြင်မြင်သမျှ ရင်သပ်ရှုမောရပါသည်။ တပ်ထိန်းစစ်သည်များ ညွှန်ပြသည့်လမ်းကြောင်းအတိုင်း မောင်းနှင်သွားရာ စစ်ရေယာဉ်များလွှန်းတင်ရာ လွှန်းလမ်းများတွင် လွှန်းတင်ပြုပြင်နေသော ရေယာဉ်အသီးသီးကို စနစ်တကျမြင်တွေ့ရပါမည်။ ကားရပ်ရန်သတ်မှတ်နေရာတွင် ကားကိုရပ်ထားခဲ့ပြီးနောက် အခမ်းအနားကျင်းပမည့်နေရာသို့ လျှောက်လှမ်းလာခဲ့သည်။ အခမ်းအနားကျင်းပမည့် တံတားထိပ်မုခ်ဦးတွင် ရေးထိုးထားသော **“၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအမည်ပေးခြင်းနှင့် ရေချပေးခြင်းအခမ်းအနား”**ဟူသည့် စာသားအောက်တွင် အမည်ပေးရေချမည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို နေရောင်အောက်တွင် ခံ့ညားထည်ဝါဂုဏ်ယူဖွယ်ရာ လှမ်းတွေ့ရပေသည်။ ဤသို့ အချိုးကျပြေပြစ်သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့ကြသည့် မိမိတို့၏စက်မှုလက်မှုအရာရှိစစ်သည်များကို လေးစားဂုဏ်ယူဖြစ်မိပါသည်။ မဏ္ဍပ်အတွင်း သတ်မှတ်နေရာသို့ ရောက်သောအခါ အနည်းငယ်စောနေသဖြင့် ကျွန်တော့်လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသူ စီနီယာ၊ဂျူနီယာအရာရှိများကို သွားရောက်နှုတ်ဆက်မိပါသည်။ အားလုံးပါးစပ်ဖျား၌ ရေချတော့မည့် အသစ်စက်စက် တပ်မတော်(ရေ)၏ အကြီးဆုံးဖရီဂိတ်စစ်ရေယာဉ်ကြီးအကြောင်းပင်ဖြစ်တော့သည်။ အားလုံးကိုယ်စီမျက်နှာတွင် ဂုဏ်ယူမှု၊ လေးစားမှု၊ အားရကျေနပ်မှုများရောပြွန်းနေသည်ကို အထင်းသား မြင်တွေ့နေရပါသည်။ မဏ္ဍပ်အတွင်း LED Board ၌ မကြာမီရေချတော့မည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးတည်ဆောက်ခဲ့မှုသမိုင်းကြောင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ တည်ဆောက်ပြီးခဲ့သော စစ်ရေယာဉ်များအကြောင်းကို စိတ်ဝင်စားဖွယ်ပြသနေပါသည်။

တပ်မတော်(ရေ)၏ အမြုတေဖြစ်သော ဗမာပြည်ဘုရင့်အပျော်တမ်းရေတပ် (Burma Royal Navy Volunteer Reserve – BRNVR)ကို ၁၉၄၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့စဉ်က ရေတပ်ဆိုင်ရာစက်မှုလက်မှုတပ်ခွဲ (Coastal Force Work Shop)အမည်ဖြင့် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် (ယခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ သိမ်ဖြူသင်္ဘောကျင်း)နေရာတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ရေတပ်အခြေစိုက်စက်မှုလက်မှုအလုပ်ရုံ(Naval Base Engineering Work Shop) အမည်ဖြင့် သိမ်ဖြူလမ်းအလုပ်ရုံမှ ယခုလက်ရှိတည်နေရာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ရေတပ်တိုင်းစစ်ဌာနချုပ်များတိုးချဲ့ဖွဲ့စည်းရာတွင် အထောက်အကူပြု လက်ရုံးတပ်များအဖြစ် ရေတပ်စက်မှုလက်မှုတပ် ဆင်မလိုက်သင်္ဘောကျင်း တပ်ဖွဲ့လည်း ပါဝင်ခဲ့ပါသည်။ လက်ရှိတပ်နေရာကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ပထမဦးဆုံးသော တပ်မှူးမှာ ဗိုလ်မှူးသိန်းဟံဖြစ်ပါသည်။ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ရေတပ်စက်မှုလက်မှုတပ်မှ ရေတပ်ပင်မစက်မှုလက်မှုတပ်(ဒုတိယဗိုလ်မှူးကြီးအဆင့်)အဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး ပထမဦးဆုံးသော တပ်မှူးမှာ ဒုတိယဗိုလ်မှူးကြီးကျော်အောင် ဖြစ်ပါသည်။

တပ်မတော်(ရေ)တွင် စစ်ရေယာဉ်များ တိုးတက်များပြားလာသဖြင့် နှစ်စဉ်လွှန်းတင်ရမည့် အရေအတွက် များပြားလာခြင်း၊ ဖရီဂိတ်စစ်ရေယာဉ်ကြီးများ တည်ဆောက်ရန် လိုအပ်လာခြင်းတို့ကြောင့် ယခုလက်ရှိနေရာတွင် ခေတ်မီသင်္ဘောကျင်းတစ်ခု တည်ဆောက်ရန် ထိုစဉ်အချိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂-၁-၁၉၉၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂-၂-၂၀၀၂ ရက်တွင် လွှဲပြောင်းလက်ခံခဲ့ပြီး ၂၂-၂-၂၀၀၂ ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ရေတပ်သင်္ဘောကျင်းဌာနချုပ်ကိုလည်း အဆင့်ဆင့်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ၇-၁၁-၂၀၀၈ ရက်တွင် နောက်ဆုံးပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပထမဦးဆုံး ဌာနချုပ်မှူးမှာ ဗိုလ်ချုပ်ပေါ်ထွန်း ဖြစ်ပါသည်။

> ❖ **အမျိုးအစားစုံလင်သောစစ်ရေယာဉ်များကို လျင်မြန်စွာ ရေခင်း၊ တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်ခြင်းများ ဆောင်ရွက်နေသည်ကို မြင်တွေ့ကြားသိနေပေသည်။ “ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)”အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့…**

ယခင်က တန်ချိန်ရာဂဏန်းမျှသာ လွှန်းတင်ပြင်ဆင်တည်ဆောက်နိုင်ရာမှ ယခုအခါ တန်ချိန် ထောင်ချီသော လွှန်းကျင်းမှ ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို တည်ဆောက်ရေချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု ကြားသိရပါသည်။ယခုရေချခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို စစ်ရေယာဉ်များ ပင်လယ်ပြင်တပ်ပေါင်းစုလေ့ကျင့်ခန်းပြုလုပ်ရာသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်ကြည့်ရှုစစ်ဆေးချိန်တွင် တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း LED Board တွင် ပြသနေသည်ကို မြင်တွေ့ရပါသည်။

အမှန်အားဖြင့် **“ရွှေနိုင်ငံ”**ဟု တင်စားခဲ့ကြသော ကျွန်တော်တို့နိုင်ငံသည် ရေမိုင်ပေါင်း ၁၂၆၀ ကျော် ရှည်လျားသော ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ရေပြင်ဧရိယာကို ပိုင်ဆိုင်ထားပါသည်။ ရေပေါ်ရေအောက်သယံဇာတများပေါကြွယ်ဝသည့်အပြင် ကျွန်းကြီး၊ ကျွန်းငယ်များ၊ လှပသောပင်လယ်ကမ်းခြေများ၊ အဖိုးတန်ရေနက်ဆိပ်ကမ်းများကို ပိုင်ဆိုင်ထားပါသည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကကျသည့် အိန္ဒိယသမုဒ္ဒရာ၏အစိတ်အပိုင်းများဖြစ်သော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့ကို အချက်အချာကျကျစိုးမိုးထားသော ပထဝီတည်နေရာတွင် တည်ရှိနေပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော မလက္ကာရေလမ်းကြောင်းအနီးတွင် တည်ရှိသည့်အပြင် ပရိပဲရစ်ရေလမ်းကြောင်း၊ ကိုကိုးရေလမ်းကြောင်း စသည့်ရေလမ်းကြောင်းတို့ကို ပိုင်ဆိုင်ထားသောကြောင့် ထိန်းချုပ်ပွိုင့်များ (Choke Points)ကိုလည်း ပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်ကို **“ရွှေနိုင်ငံ၏ရွှေပင်လယ်”**ဟုပင် တင်စားထိုက်ပေသည်။

ရွှေပင်လယ်၏ တန်ဖိုးကြီးမားမှုကို အလေးထားသော တပ်မတော်အကြီးအကဲက စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”**ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်ပိုင်ဒီဇိုင်းများ ရေးဆွဲတည်ဆောက်ရန် တွန်းအားပေးခဲ့သည်။ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့သည်။ ထို့ကြောင့်အမျိုးအစားစုံလင်သော စစ်ရေယာဉ်များကို လျင်မြန်စွာ ရေခင်း၊ တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်ခြင်းများ ဆောင်ရွက်နေသည်ကို မြင်တွေ့ကြားသိနေပေသည်။ **“ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ(Buyer to Builder)”** အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖရီဂိတ်စစ်ရေယာဉ်ကြီးကို အမည်ပေးခြင်းမင်္ဂလာဆောင်ရွက်ပေးပြီး ဤစစ်ရေယာဉ်ကြီးနှင့်တကွ စစ်ရေယာဉ်ကြီးနှင့်အတူလိုက်ပါတာဝန်ထမ်းဆောင်သူများအားလုံး ဘေးအန္တရာယ်ကင်းစွာဖြင့် သက်တမ်းပြည့်တာဝန်ထမ်းဆောင်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားပြီးနောက်တစ်ခဲနက်ထွက်ပေါ်လာသော ကောင်းချီးသြဘာသံများက ဘဝင်တိုင်ရောက်ရှိသွားပါသည်။

မင်္ဂလာအချိန်တွင် တပ်မတော်အကြီးအကဲက ဖရီဂိတ်စစ်ရေယာဉ်ကြီးကို ရေတပ်ထုံးတမ်းစဉ်လာအတိုင်း ရေချပေးပါသည်။ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ တပ်မတော်(ရေ)စစ်တီးဝိုင်းမှ တီးမှုတ်ခြင်းတို့သည် တစ်ပြိုင်တည်း မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာပါသည်။ တစ်ချိန်တည်းတွင် လွှန်းကျင်းများမှ Winch များကလည်း ရေယာဉ်ကြီးကို ရေချရန် အောက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားပါသည်။ ပရိသတ်လက်ခုပ်သြဘာသံများကြားတွင် နီ၊ စိမ်း၊ ဝါ သုံးရောင်ခြယ် Colour Smoke တို့ကလည်း ရေယာဉ်ကြီးကို ကျက်သရေတိုးစေပါသည်။

ဆက်လက်၍ ရေယာဉ်ကြီးတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသော အရာရှိ၊ စစ်သည်များအား တပ်မတော်အကြီးအကဲက နှုတ်ဆက်အားပေးခြင်း၊ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခြင်းတို့ကို တွေ့မြင်ရပေသည်။ တပ်မတော်အကြီးအကဲ ကိုယ်တိုင် လှိုက်လှိုက်လှဲလှဲအားပေးချီးမြှင့်မှုကြောင့် အရာရှိ၊ စစ်သည်အပေါင်း၏ ပင်ပန်းနွမ်းနယ်မှုများမှာ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ရှိကြပြီး နောင်ဆက်လက်တည်ဆောက်ထုဆစ်မည့် စစ်ရေယာဉ်အသစ်များအတွက် ခွန်အားများ ဆပွားတိုးတက်စေကြောင်း ထင်ရှားစွာတွေ့မြင်နေရပါသည်။

အခမ်းအနားပြီးဆုံးချိန် ကျွန်တော်တို့စစ်မှုထမ်းဟောင်းများသည် စုပေါင်းကားဖြင့် ဆက်လက်ပြုလုပ်မည့် တပ်တော်ဝင်စစ်ရေယာဉ်များ အခမ်းအနားကျင်းပမည့် အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စု ဆိပ်ခံတံတားသို့ ဦးတည်ထွက်ခွာခဲ့ကြပါသည်။

အခမ်းအနားကျင်းပမည့် ရေတပ်ဆိပ်ခံတံတားထိပ်မုခ်ဦးတွင် “ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ရေယာဉ်နှစ်စီး တပ်တော်ဝင်အခမ်းအနား”ဟူ၍ ရေးထားသည့် စာသားကို တွေ့မြင်ရပါသည်။ ရေတပ်၏ ရေပေါ်ရန်၊ ရေအောက်ရန်၊ ဝေဟင်ရန်နှင့် အီလက်ထရောနစ်ရန်ဟူသော စစ်ဆင်ရေးနယ်ပယ်လေးရပ်တွင် ရေအောက်ရန်စွယ်များ ချေမှုန်းသုတ်သင်ရန်အတွက် ယခုကဲ့သို့ အမျိုးအစားစစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်ခြင်းဖြစ်ကြောင်း နားလည်ရပါသည်။ နယ်ပယ်လေးရပ်စလုံးအတွက် အချိုးအစားညီမျှသော စစ်ရေယာဉ်များကို ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နေမည်မှာ မုချမသွေဖြစ်ပါသည်။ သို့မှသာ မြန်မာ့ပင်လယ်ပြင်မှ ချင်းနင်းဝင်ရောက်လာမည့် ကျူးကျော်ရန်စွယ်များကို ဟန့်တားကာကွယ်နိုင်မည်ဖြစ်ပါသည်။

မဏ္ဍပ်အတွင်း စောင့်ဆိုင်းနေစဉ် တသုန်သုန်တိုက်ခတ်နေသောမြောက်ပြန်လေနှင့်အတူ အရောင်အသွေးစုံလင်သော ဌာနချုပ်၊ တပ်၊ ဗျူဟာစစ်ရေယာဉ်စုများ၊ တပ်များ၏အလံများ၊ တပ်တော်ဝင်ပြုလုပ်မည့်ရေယာဉ်များတွင် တပ်ဆင်သွယ်တန်းထားသည့်အလံများသည် တလူလူလွင့်ပျံနေသည်မှာ ကြည့်၍ပင်ကောင်းသေးတော့၏။ တပ်မတော်(ရေ) စစ်တီးဝိုင်းကလည်း ကျွန်တော်တို့အတွက် မရိုးနိုင်ပါ။ တပ်မတော်(ရေ)သီချင်းများ တီးမှုတ်နေရာ စစ်သွေးစစ်မာန်များ နိုးကြားစေပါသည်။ တံတားတွင် ဆိုက်ကပ်ချည်နှောင်ထားသော စစ်ရေယာဉ်များကလည်း ဦးတကြွကြွဖြင့် ပေးအပ်မည့်တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းဆောင်ရန် ငံ့လင့်နေသည့်အလား ထင်မှတ်မှားရပါသည်။

သတိပေးစစ်ခရာမှုတ်သံနှင့်အတူ တပ်မတော်အကြီးအကဲ၏ယာဉ်တန်း အခမ်းအနားကျင်းပမည့် ဆိပ်ခံတံတားပေါ်သို့ ချဉ်းကပ်ရောက်ရှိလာပါသည်။ မဏ္ဍပ်အတွင်းနေရာယူပြီးသောအခါ အခမ်းအနားမှူးက အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါသည်။ စစ်ဦးစီးအရာရှိချုပ်(ရေ)၏ “၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှစ၍ တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာလိုက်သည်”ဆိုသည့် အောင်မြင်ခံ့ညားသောကြေညာချက်အဆုံးတွင် နိုင်ငံတော်အလံအား လွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက် တီးခြင်းတို့ကို တစ်ပြိုင်နက်တည်းပြုလုပ်ကြပါသည်။ တစ်ဆက်တည်းတွင် စစ်ရေယာဉ်မှုး၏ “နိုင်ငံတော်အလံအား အလေးပြု” ဟူသော အမိန့်က ထက်ကြပ်ထွက်ပေါ်လာရာ မဏ္ဍပ်အတွင်းရှိသူအားလုံး မတ်တတ်ရပ်ဂါရဝပြုကြပါသည်။ တပ်မတော်(ရေ)စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်နေရာ ကြက်သီးမွေးညင်းထသည်အထိ ခံစားရပါသည်။ ထို့နောက် သစ္စာလေးချက်ရွတ်ဆိုကြရာ ကျွန်တော့်နှုတ်မှ လိုက်ဆိုနေမိသည်ထိ ကြည်နူးပီတိဖြစ်ရပါသည်။ ဆက်လက်၍ တာဝန်ကျတပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ တာဝန်ကျတပ်ဖွဲ့နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး တပ်မတော်အကြီးအကဲက တပ်တော်ဝင်စစ်ရေယာဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းပြသခြင်း၊ စုပေါင်းဓာတ်ပုံရိုက်ခြင်းများဆောင်ရွက်ပြီး စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ တက်ရောက်သွားပါသည်။ ကျွန်တော်အပါအဝင် ပရိသတ်များမှာ မဏ္ဍပ်အတွင်းထိုင်လျက်ကျန်ရှိနေသော်လည်း အခမ်းအနားကျင်းပမှုများကို ဆက်လက်ကြည့်ရှုမြင်တွေ့နေရပါသည်။

ခေတ္တမျှအကြာတွင် တပ်မတော်အကြီးအကဲကို ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့နောက် “အမြောက်ပစ်ဖောက် အလေးပြု”ဟူသော အမိန့်သံ အဆုံးကျယ်လောင်သောအမြောက်သံကို ကြားလိုက်ရပါသည်။ ရေလယ်တွင်ချည်နှောင်ထားသော စစ်ရေယာဉ်ကြီးနှစ်စီးမှ ပစ်ဖောက်အလေးပြုလိုက်သော နရီမှန်မှန်ထွက်ပေါ်လာသည့်အမြောက်သံမှာ ရေတပ်သားတို့၏ လေ့ကျင့်သားပြည့်ဝမှုကို ဖော်ကျူးနေပါသည်။ ကျွန်တော့်ဘေးက အငြိမ်းစား Long Com-mission ဗိုလ်ကြီး(ငြိမ်း)တစ်ယောက်က အမြောက်သံကို တိုးတိုးလေးTiming ရေတွက်နေရာ ကျွန်တော်ကလည်း အမြောက်သံကို လက်ချိုးရေတွက်နေမိပါသည်။ နောက်ဆုံးအမြောက်သံသည် ၂၁ ချက်တွင် ရပ်သွားရာ နိုင်ငံတော်အကြီးအကဲကို ထုံးတမ်းအစဉ်အလာအတိုင်း အမြောက်အရေအတွက် ၂၁ ချက် ပစ်ဖောက်အလေးပြုခြင်းအခမ်းအနားလည်း ပြီးမြောက်ခဲ့ပါသည်။

အမြောက်ပစ်ဖောက် အလေးပြုပြီး တစ်ဆက်တည်း မိမိတို့တပ်မတော်(ရေ)တွင် တည်ဆောက်တပ်တော်ဝင်ခဲ့သည့် **စာမျက်နှာ ၂၆ သို့**

# လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် စာဘူးတောင်းကျေးရွာရှိ သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ဦးရေ ၉၀ တို့ကို အဆိုပါကျေးရွာရှိ ဓမ္မသစ္စာကျောင်း တိုက်၌လည်းကောင်း၊ တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအုပ်စု တော်လတီ ကျေးရွာရှိ ဒေသခံပြည်သူ ၇၅ ဦးတို့ကို အဆိုပါကျေးရွာရှိ တော်လတီကျောင်း တိုက်၌လည်းကောင်း ရန်ကုန်တိုင်းစစ် ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ များက ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေး ကုသရေးအဖွဲ့များက သွားနှင့်ခံတွင်း ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် ၆၂ လမ်း ပေါ်တွင် သိန်းဇော်ဦး မောင်းနှင်ပြီး ရန်နိုင်စိုး လိုက်ပါလာသည့် ၂၂ ဘီးတွဲ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀ ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေ ပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ အောင်အောင်နှင့် ဇဟိန်းတို့ကို ပြည်ကြီးတံခွန်မြို့နယ်တွင် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက် အရ ဒီဇင်ဘာ ၁၈ ရက်တွင် မစန်းစန်းမြ အား အမရပူရမြို့နယ် နတ်ရေကန် ကျေးရွာရှိနေအိမ်တွင် စိတ်ကြွရူးသွပ် ဆေးပြား ၈၄၀၀၀ နှင့်လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် မျိုးထွန်းအောင် (ခ) စိုးနေ အောင် (ခ)ကျောင်းဆရာအား ချမ်းမြ သာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ဟိုတယ်တွင် စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၅ ကီလို၊ အက်တက်စီ အပြား ၈၆၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလိုနှင့် TOYOTA CROWN မော်တော်ယာဉ်တစ်စီး၊ မော်တော် ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၌ ထိုက်စိုးကျော်အား



ပြစ်မှုကျူးလွန်သူများကို စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များနှင့်အတူ တွေ့ရစဉ်။

စိတ်ပြောင်းဆေးဝါးကက်တမင်း ၁ ဒသမ ၉ ကီလို၊ အက်တက်စီအပြား ၉၆၀၀၊ Happy-5 ဆေးပြား ၉၀၀၀၊ Happy Water ၁ ဒသမ ၂၁၅ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီး ရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်နှစ်ဘီလီယံခန့်တန်ဖိုးရှိစိတ်ပြောင်း ဆေးဝါးများဖြစ်သည့် စိတ်ကြွရူးသွပ် ဆေးပြား ၁ ဒသမ ၁၈၄ သိန်း၊ ကက်တမင်း ၁ ဒသမ ၉ ကီလို၊ Happy Water ၆ ဒသမ ၇၁၅ ကီလို၊ အက်တက်စီ အပြား ၁၈၂၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလို၊ Happy-5 ဆေးပြား ၉၀၀၀ တို့ကို သိမ်း ဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် လူငယ်များ အား မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ် နာဒူးမြောက်ပိုင်းကမ်းခြေ)တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်း ရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက် တောင်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area)အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်း ရသည်။ (မိုး/ဇလ)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ”**ခေါင်းစဉ်ဖြင့် ၂၅-၁၂-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူး နေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်ပနိုင်ငံများမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန် ကြိုးစားနေရတဲ့ သစ္စာဖောက်ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေး ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၄၀ ကျော်ဆုံးရှုံးကြောင်း သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ် ရေလယ်ကျွန်းဒေသရှိ ကျေးရွာ ငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၄၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိ ရသည်။




အဆိုပါလုံခြုံရေးတာဝန်ရှိသူတစ်ဦး ၏ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် များအနေဖြင့် အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက် လျက်ရှိပြီး ဒေသခံပြည်သူများ၏နေအိမ် များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့ အား ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူ များအား ဖမ်းဆီးသတ်ဖြတ်ခြင်းများလုပ် ဆောင်လျက်ရှိကြောင်း၊ အဆိုပါအကြမ်း ဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ် ရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ များက ယခုကဲ့သို့သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူ များအထင်အမြင်လွဲမှားစေရန် ရည်ရွယ် ၍ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၆၂၄၃ ဧက နုတ်သိမ်းပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၂၆၂၄၃ ဧက နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၂၄၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၆၂၄၃ ဧကနုတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၅၂ ဒသမ ၉၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲ ၂၆၂၄၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူးဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ် မိုးသီးနှံမြေပဲ စိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး တစ်ဧကစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော်ထွက်ရှိသဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုရှိပြီး လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည့်အတွက် မြေပဲသီးနှံကို တောင်သူများအနေဖြင့် ယခုထက်ပိုမိုစိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဒီဇင်ဘာလဒုတိယပတ်မှစပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၂၅၀ မှ ပိဿာချိန် ၄၀၀ ထိ ဝယ်ယူမှုကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက်တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား များနေပါတယ်။ လက်ရှိ တိုင်ထောင်ပဲသီး တစ်ရက်ကို ပိဿာချိန် ၄၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေး ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာ အကျိုးကျေးဇူး ရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



**စာမျက်နှာ ၂၄ မှအဆက်**

စစ်ရေယာဉ်များက ပုံပြမောင်းနှင်၍ နိုင်ငံတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများနှင့် (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အလံတို့ကို အသီးသီးလွှင့်ထူကာ တပ်မတော်အကြီးအကဲအား အစဉ်လိုက် ချီတက်အလေးပြုကြပါသည်။ ဆက်လက်၍ တပ်မတော်အကြီးအကဲက ပုံပြမောင်းနှင်အလေးပြုကြသောစစ်ရေယာဉ်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခြင်း၊ ဂုဏ်ပြုအမှာစကားပြောကြားခြင်းများ ဆောင်ရွက်ပြီးနောက် အခမ်းအနားအောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

မဏ္ဍပ်အတွင်း ကျွန်တော်တို့စစ်မှုထမ်းဟောင်းများအားလုံး စုပေါင်း ကားပေါ်ပြန်တက်ပြီး ထွက်ခွာလာခဲ့ကြပါသည်။ အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စု အရာရှိရိပ်သာသို့ရောက်ရှိပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)က စီမံပေးထားသည့်နေ့လယ်စာကို မြိန်ယှက်စွာသုံးဆောင်ခဲ့ကြရပါသည်။ထို့ပြင် လက်ဆောင်အဖြစ် ၂၀၂၄ ခုနှစ် တပ်မတော်(ရေ) နှစ်လည်မဂ္ဂဇင်း၊ စားပွဲတင်ပြက္ခဒိန်နှင့် မှတ်စုစာအုပ်၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ Logo ရေးထိုးထားသော ဦးထုပ်တစ်လုံးနှင့် စပို့ရှပ်တစ်ထည်တို့ကို လက်ခံရရှိခဲ့ပြန်သဖြင့် ကျေးဇူးတင်မဆုံး အမြဲတမ်းအမှတ်တရဖြစ်ရပါသည်။

စုပေါင်းကားဖြင့် ကျွန်တော့်တို့ကားများ ရပ်ထားရာနေရာထိ လိုက်ပါပို့ဆောင်ပေးသဖြင့် မိမိကားဖြင့် အိမ်ပြန်ခရီးစခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က တပ်မတော်(ရေ)မှ အငြိမ်းစားယူခဲ့သော်လည်း တပ်မတော်(ရေ)က ကျွန်တော်တို့ကို အမြဲသတိတရရှိနေသေးသည်ကို တွေးမိပြီး ကားမောင်းရင်း ကြည်နူးပီတိဖြစ်ရပါသည်။ တပ်မတော်(ရေ)၏ပြောင်းလဲတိုးတက်မှုများကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည့်အပြင် ယခုထက် ပိုမိုတိုးတက်အောင်မြင်စေရန်လည်း ဆန္ဒပြုမိပါသည်။ နောင်နှစ်များတွင်လည်း ကျွန်တော်ချစ်သော၊ လေးစားတန်ဖိုးထားရသော တပ်မတော်(ရေ)မည်ကဲ့သို့တိုးတက်အောင်မြင်နေသည်ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုအားပေးလိုကြောင်း ရိုးသားစွာဆန္ဒပြုရင်း (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁၂-၂၀၂၄


| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



ဝတ္ထုတိုကလျာ

# အညာမြူခိုး

စိုးဝံ့ဝင်း

"ကျွန်မတို့ မီးသွေးဖုတ်လိုက်၊ သူများလယ်အငှား လိုက်လိုက်နဲ့ ကိုယ့်အတွက် ဝမ်းစာလေးတောင် မကာမိပါဘူးတော်"

ဇနီးသည် မမိငယ်၏ ဝမ်းနည်းအားငယ်သံကို ကြားရတော့ ကိုမျိုးကျော်၏ နားထဲသံရည်ပူများ လောင်းချနေသည့်အလား ပူပြင်းနေသည်။

ကိုမျိုးကျော်က မမိငယ်ကို ပြောသည်။

"မင်းကလဲကွာ အားငယ်တတ်ရန်ကော တစ်နေ့ မင်းဖြစ်ချင်သလိုဖြစ်စေရမယ်"

ရင်ခွင်ထဲတွင် တစ်နှစ်သမီးအရွယ် ချိုလွင်လေးကို နို့တိုက်နေရင်း-

"ဒါနဲ့ရှင် ဘိုးလေးမြသိန်းတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ ရွာမြောက်ဖျားပိုင်းက လယ်လေးကို အငှားယူမလုပ်ချင်ဘူးလားတော်"

ကိုမျိုးကျော် ထမင်းကြမ်းစားနေသည်မှာ ဖြောင့်ဖြောင့်ပင်မစားရ၊ ဇနီးဖြစ်သူတို့၏ ထုံးစံအတိုင်း အနားတွင် နားပူနားဆာလုပ်နေလေသည်။ ဇနီးသည် မမိငယ်ကို စိတ်အေးရလေအောင်-

"အေးပါဟာ ငါလဲစဉ်းစားနေတာပဲ။ နောက်ရက် ငါသွားပြောကြည့်မယ်"

မမိငယ် ဒေါသသံ စွက်လာသည်။

"တော်က ထိုင်ပြီးပဲ စဉ်းစားနေတော့ ကျွန်မကလေ ရှင့်ကိုကြည့်ပြီး အားကိုးမရပါဘူးရှင်"

"ဟာ မင်းကတော့ကွာ"

ခြိမ်းသာခြိမ်းခြောက်လိုက်ရတာပါ ကိုယ်ချစ်လို့ အမြတ်တနိုးယူထားသည့် ဇနီးဖြစ်သူကို တကယ့်တကယ် ကိုမျိုးကျော် မထိရက် မတို့ရက်ပေ။

ဘိုးမြသိန်း၊ ဘိုးမြသောင်းတို့ ညီအစ်ကိုမှာ ဇနီးမယား၊ သားသမီးများမရှိကြသော လူပျိုကြီးများ ဖြစ်ကြသည်။ မိဘထားခဲ့သော လက်ငုတ်မြေယာများနှင့် ညီအစ်ကိုနှစ်ဦးတည်း မပူပင်မကြောင့်ကြပဲ နေနိုင်စားနိုင်ကြသည်။ သူတို့ကိုယ်တိုင်မလုပ်နိုင်တော့သဖြင့် မြေယာများကို အငှားချပေးချင်သည့် ဆန္ဒ ရှိကြ၏။ ကိုမျိုးကျော်သည် မမိငယ်နှင့် ညားခါစကတည်းက အငှားသာ လိုက်စားခဲ့ရသဖြင့် ကိုယ့်စပါး၊ ကိုယ့်နှမ်းဆိုသည်ကို မမြင်ဘူး၊ မကြားဘူး ခဲ့ကြချေ။

နေထွက်စပြုသည်နှင့် ရွာအနောက်ပိုင်းတွင် နေသော ဘိုးမြသိန်းတို့ဝိုင်းဘက်သို့ ကိုမျိုးကျော် ထွက်လာခဲ့သည်။

"ဗျို့ ဘိုးလေး မြသိန်း"

"ဟေ့ ဘယ်သူလဲကွ"

"ကျုပ်ပါ ဘိုးလေး"

"သြော် မျိုးကျော် လာလေကွာ"

ပျဉ်ထောင်နှစ်ထပ် အိမ်ပေါ်မှဆင်းလာရင်း လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

"ဟုတ် ဘိုးလေး"

ကိုမျိုးကျော် တန်းလျားပေါ်ဝင်ထိုင်ရင်း လာရင်းကိစ္စကို တဆက်တည်း ပြောလိုက်သည်။

"ရွာမြောက်ဖျားပိုင်းကလယ်ကို လုပ်ခွင့်ပေးပါလား ဘိုးလေး"

ဘိုးမြသိန်းက ရေနွေးခွက်ကို မှုတ်သောက်ရင်း စဉ်းစားနေသည်။ အတန်ကြာသည့်နောက်-

"အေး ရွာမြောက်ဖျားကလယ်ကို တို့ရောက်လဲ မရောက်ဖြစ်ဘူး။ ဆူးပင်တွေနဲ့ သစ်ငုတ်တွေကလဲ ထူပိန်းနေမှာပဲ။ မင်း လုပ်ချင်ရင်လဲ ယူလုပ်လေ၊ သုံးစုတစ်စုဆို အဆင်ပြေမလား မျိုးကျော်ရ"

"အဲဒါဆို ကျွန်တော်လုပ်မယ် ဘိုးလေး။ စာရွက်စာတမ်းရော လိုသေးလား ဘိုးလေး"

ကိုမျိုးကျော်၏ စကားမဆုံးခင်မှာပင် ဘိုးမြသိန်းက ပြောသည်။

"မလိုပါဘူးကွာ။ ကိုယ့်အချင်းချင်းတွေပဲ စာရွက်စာတမ်းတွေ မလိုအပ်ပါဘူး"

"ဒါနဲ့ ဘယ်နှစ်နှစ်လဲ ဘိုးလေး"

ကိုမျိုးကျော်က သေချာစေရန် မေးလိုက်သည်။

"သုံးနှစ်လုပ်ကြကွာ သုံးနှစ်"

"ဟုတ်ကဲ့ ဘိုးလေး"

ကိုမျိုးကျော် အားရဝမ်းသာ ပြောပြီးသည်နှင့် ရေနွေးကြမ်းတစ်ခွက်ကို ခပ်မြန်မြန်သောက်၍ အိမ်သို့ပြန်တော့သည်။ ဤသတင်းကောင်းအား ချစ်ဇနီးကို ပြောပြရဦးမည်၊ သူ၏ဇနီးသာသိလျှင် ဘယ်လောက်များဝမ်းသာလိုက်မည်လည်းဟူ၍ တစ်လမ်းလုံး သူတစ်ဦးတည်းစဉ်းစားရင်း လျှောက်လာခဲ့သည်။ ဘေးမှ နှုတ်ဆက်နေကြသည်ကို သူမကြားနိုင်၊ သူ့အတွေးနှင့်သူ ပျော်နေသည်။

ဘိုးမြသိန်းဆီမှ လယ်ကို သုံးစုတစ်စုဖြင့် ရလိုက်သည်ကို မမိငယ်ကို ပြောပြသည့်အခါ မမိငယ်၏ မျက်နှာလေးတွင် အပြုံးရိပ်ကလေးများပေါ်လာသည်။ ကိုမျိုးကျော်၏ဇနီးသည် မမိငယ်မှာ ကလေး သုံးယောက်အမေ ဖြစ်နေသော်လည်း ကိုမျိုးကျော် အတွက်တော့ ကြည့်၍မဝ၊ ချစ်၍မဝနိုင်ပေ။

ကိုမျိုးကျော် မရှိမဲ့ရှိမဲ့ငွေစကလေးများဖြင့်ပင် ထွန်းစက်ပိုင်ရှင်များထံသွား၍ အကူညီတောင်း ရပြန်သည်။

မြောက်ဖျားပိုင်းက လယ်ကို ထွန်းစက်ဖြင့် ငှားထွန်သည်။ သစ်ငုတ်များကိုလည်း အငှားခေါ်လျှင် လူငှားခ ပေးရဦးမည်။ သူတို့လို တောသူတောင်သားများအတွက်က တစ်ယောက်ဆို တစ်ယောက်ခ သက်သာလျှင်ကောင်းသည်။ ထို့ကြောင့် လင်မယားနှစ်ယောက် နေပူပူအပင်ပန်းခံ၍ ထွန်းစက်ဖြင့် အစဖော်ပေးခဲ့သည့် သစ်ငုတ်တိုများကို ဖော်ပစ်ကာ လှည်းနှင့် အိမ်သို့တိုက်၍ မီးစိုက်ပစ်ကြသည်။ ကိုမျိုးကျော် သူ၏နွားတစ်ရှဉ်းဖြင့် သူ့ယောက်ဖချက်ကြီးကို အကူညီတောင်း၍လယ်ထဲကို နွားချေးချသည်။ ဤမြေသည်မပြုမပြင်ဘဲ ထားထားတာ နှစ်အတော်အတန်ကြာပြီးဖြစ်သည့်အတွက် မြေဆီမြေနှစ်များကောင်းရန် နွားချေးချနိုင်လျှင် ပိုကောင်းသည်။

ကိုမျိုးကျော်က နှမ်းစိုက်ဖို့အတွက် နှမ်းမျိုးကောင်းကောင်းကို ရွာနှင့် ခြောက်မိုင်ခန့်ဝေးသော မြို့သို့ တက်၍ဝယ်ရသည်။ ရွာထဲရှိ နှမ်းမျိုးချတတ်သောအမျိုးသမီးများကို လိုက်လံငှားရပြန်သည်။ ကိုမျိုးကျော် သူ့၏ လယ်ခင်းအသစ်လေးအတွက်ပင် အနားမရချေ၊ အနားမရသည်ကိုပင် ကိုမျိုးကျော် သိပ်သဘောတွေ့နေသည်။ နှမ်းပင်ကလေးများ ထွက်စပြုလာသည့်အခါ သိပ်ဂရုစိုက်ရသည်။ မြောင်းကလာ သည့် ရေများ ဒလဟောဝင်မှာစိုးရိမ်၍ နေ့၊ည အိပ်ရေးပျက်ခံစောင့်သည်။ နှမ်းပင်တချို့တွင် ပိုးကျနေသဖြင့် သူ့ယောက်ဖချက်ကြီးနှင့် အတူ ပိုးသတ်ဆေးဖျန်းရသည်။

နှမ်းခင်းထဲမှ အသီးများ အစေ့အဆန် အောင် မအောင် လိုက်လံကြည့်သည့်အခါ သူမှန်းထားတာ ထက်ပင်နှမ်းအထွက်နှုန်း ကောင်းမည်ဖြစ်သဖြင့် ကိုမျိုးကျော် သူ့လယ်ခင်းကို သူကြည့်ရင်း ဟိုးကုန်းမြင့်မြင့်ဆီမှ တိုးဝှေ့တိုက်ခတ်လာသော လေရူးများက ရင်ထဲ လှိုက်ခနဲ လှိုက်ခနဲ အေး၍ ကိုမျိုးကျော်၏ စိတ်အစဉ်ကို ကြည်လင်လန်းဆန်းစေသည်။

နောက်တစ်ပတ်ခန့်တွင် နှမ်းပင်များကို ရိတ်ကြရမည်။ တောလမ်းတစ်လျှောက် သူအတွေးနှင့်သူ အိမ်အပြန်ခြေလှမ်းများက ပေါ့ပါးသွက်လက်လို့၊ နွားများကို ဆွဲလာရင်း ဘေးဝဲယာက ထနောင်းပင်၊ ကန္တရဆူးပင်ငယ်များက သူ့အတွက် ဤနေ့မှ တွေ့မြင်ရသည်က ကြည်ကြည်လင်လင်၊ သူ့၏ အိမ်ဝိုင်းထဲရောက်သည်နှင့် နွားများကို စောင်းတဲထဲတွင်ချည်ရင်း-

"ကွပ်ပျစ်မှာ ရေနွေးကြမ်းအိုး ချပါကွယ် မိန်းမရေ"

"အမယ် ဒီနေ့မှ ကိုမျိုးကျော်က ထူးလို့ပါလားရှင်"

"မဟုတ်ပါဘူးကွာ မမိငယ်ကလဲ။ ငါအရင်ကလဲ ဒီအတိုင်းပါပဲ"

"မဟုတ်ပါဘူး တော်။ တော်လား ချိုချိုသာသာပြောမှာ"

"အေးပါကွာ"

တစ်ချက်ပြုံး၍ ဇနီးသည် မမိငယ်ကို ကြည့်လိုက်ပြန်သည်။

"ရှင်ပြန်အလာ မောလာမယ်မှန်းသိလို့ အဆင့်သင့်ပါပဲ တော်ရေ" ဟုမမိငယ်က ပြောလေသည်။

ကိုမျိုးကျော်တို့ဇနီးမောင်နှံအတွက် ယခုလို ကြည်နူးရသည်မှာ လမိုက်သောညများတွင် ကောင်းကင်မှ ကြယ်တစ်ခါကြွေကျသလိုပင်၊ ညားခါစကတည်းက ပျော်ရွှင်ကြည်နူးနေလို့မရနိုင်ခဲ့၊ ကိုမျိုးကျော်ကလည်း ထွန်ဦးစီးလိုက်ရင်း မောမောပန်းပန်းနှင့် ဆုံရသည်က ညမှာပင်။ မမိငယ်ကလည်း ကလေးများကို ထိန်းရင်း ခင်ပွန်းဖြစ်သူလိုအပ်သမျှကို အပါးမှလုပ်ကိုင်ပေးရင်းနှင့်ပင် လင်မယားနှစ်ယောက် ချိုသည်ခါးသည် မညည်းမညူကြဘဲ ရုန်းကန်နေခဲ့ကြရသည်သာ သူတို့အတွက် ဘဝအဓိပ္ပာယ်တစ်ခုလိုပင်။

နှမ်းပင်များကို ရိတ်သိမ်း၍ ရွာရှိလှည်းတချို့ကို ငှားကာ ကိုမျိုးကျော်၏ ဝိုင်းထဲသို့ ပုံထားသည်။ ဝိုင်းထဲ၌ နှမ်းပုံကြီးကို မြင်ရတော့ လင်မယားနှစ်ယောက်စလုံး ဘဝင်အေး၍ စိတ်ချမ်းမြေ့နေကြသည်။ ကိုမျိုးကျော်နှင့် ကိုချက်ကြီးတို့ နှမ်းခါကြသည်။ နောက်ရက်များတွင် မမိငယ်နှင့်အတူ ရွာရှိ အမျိုးသမီးများက နှမ်းများကို ဆန်ခါချပြီး သန့်လိုက်တော့ ခြောက်တင်းကျော်ကျော်ခန့် ထွက်သည်။ ကိုမျိုးကျော် နောက်တစ်နေ့တွင် ဘိုးမြသိန်းတို့ကို နှမ်းနှစ်တင်း သွားပေးရန် တွေးထားလိုက်သည်။

မနက်မိုးစင်စင်လင်း၍နေရောင်ခြည်အလင်းနုကလေးများ ကျူထရံကွက်ကြားထိုးဖောက်ဝင်ရောက်လို့နေသည်။ ကိုမျိုးကျော် အိပ်ရာမှထကာ အိမ်ရှေ့ရေစင်တွင် မျက်နှာသစ်ရန်ရောက်သည်နှင့် အိမ်ဝင်းရှေ့တွင် လူတစ်ဦးက လှမ်းအော်နေသည့် အသံကို ကြားနေရသည်။ အသံကြားရုံဖြင့် မည်သူမည်ဝါမှန်း မသဲကွဲ။

"ဟေ့ မျိုးကျော်ရေ" ထပ်မံ၍ခေါ်ပြန်သည်။

အသံလာရာဘက်သို့ ကြည့်မိတော့မှ ဘိုးလေးမြသိန်းဖြစ်နေသည်။ ဘိုးလေး မြသိန်း မနက် အစောကြီး ဘာကိစ္စများရှိလို့ပါလိမ့်ဟု ကိုမျိုးကျော် စဉ်းစားသည်။

မမိငယ်က အိမ်ရှေ့ခန်းထဲမှ ကွပ်ပျစ်ပေါ်သို့

စာမျက်နှာ ၂၈ သို့ ➤

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၂၈၉၅ ဧက စိုက်ပျိုးပြီးစီး



**ဟုမ္မလင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၂၈၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ဧက ၂၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၈၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။မုန်ညင်း၊ ငရုတ်၊နံနံ၊အာလူး၊ခရမ်း၊မုန်လာထုပ်သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်စုံများကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်စုံများကို ယခုထက်ပိုမို စိုက်ပျိုးသွားကြရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ဆက်လက်ပြောပြသည်။ (၂၀၆)

---

➤ စာမျက်နှာ ၂၇ မှအဆက်

ထမင်းကြော်ပူပူနွေးနွေးနှင့် ရေနွေးကြမ်းအိုးတို့ ကို သယ်ရင်း–

"ဘိုးလေးမြသိန်း ထိုင်လေ"

ကိုမျိုးကျော်က သိပ်မကြာခင် ရေစက်လက်ဖြစ် နေသော မျက်နှာကို ခါး၌ဝတ်ထားသော ပုဆိုးကို ဖြေ၍ သုတ်ရင်း ဘိုးမြသိန်းတို့ရှိရာ ကွပ်ပျစ်၌ ဝင် ထိုင်လိုက်သည်။

"ပူးတူးနဲ့ ဖိုးခွား ထခဲ့ကြ ထမင်းကြော်စားမယ်" မြေပြင်ပေါ်တွင် နွားရုပ်၊ လှည်းရုပ်များကို ခြေပစ် လက်ပစ် ထိုင်ဆော့နေကြသော သားနှစ်ယောက်

ကိုခေါ်သွားသည့် ဇနီးသည်နှင့်သားများကို မီးဖိုချောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ထိ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။ ပြီးမှ ဘိုးမြသိန်းဘက်လှည့်ပြီး ပြောလိုက်သည်။

"ဟုတ် ဘိုးလေး ဘာအကြောင်းများရှိလို့လဲ ဟင်"

"သြော် အကြောင်းထူးရယ် မဟုတ်ပါဘူး။ မင်းတို့ နှမ်းဘယ့်နှစ်တင်းလောက်ရလိုက်သလဲ လာမေးတာပါ"

"သြော် ဒါများ ဘိုးလေးရယ်။ ခြောက်တင်းကျော်ကျော်လောက် ထွက်ပါတယ်။ ဘိုးလေးကို ကျွန်တော်လာပေးဖို့ ပြင်ပြီးသားပါ"

မီးဖိုချောင်ထဲတွင် သားများကို ထမင်းကျွေးနေသော မမိငယ်ကို ကိုမျိုးကျော်က အော်ပြောလိုက်သည်။

"ဘိုးမြသိန်းအတွက် နှမ်းနှစ်တင်းထည့်ထားတဲ့ တောင်းကို ယူခဲ့ပါအုံး မမိငယ်ရေ"

"ဟုတ်ကဲ့ ရှင်"

ကိုမျိုးကျော်က မျက်နှာချင်းဆိုင်ကဘိုးမြသိန်း၏ မျက်နှာအမူအရာကို အကဲခတ်ကြည့်ရာ အရင်ကနှင့်မတူ ပြောင်းလဲနေသည်မှာ သိသာထင်ရှား၏။ ဘိုးမြသိန်းက မမိငယ်လက်ထဲမှ နှမ်းတောင်းကိုယူရင်း ပြောသည်။

"ဒါနဲ့ မင်းတို့ ငါ့လယ်ကို ဆက်မလုပ်ကြနဲ့တော့ကွာ"

"ဗျာ"

"ရှင်"

ကိုမျိုးကျော်နှင့် မမိငယ်တို့ ဆီမှ သံပြိုင်ထွက်လာသည်။

ကိုမျိုးကျော်တို့ ဇနီးမယားအံ့သြကာ တုန်လှုပ်ချောက်ချားသွားကြပြီး စကားများပြောထွက်ရန်ပင် ဆွံ့အသွားကြသည်။ ကိုမျိုးကျော် အတွက် ဤစကားမှာ သွေးပျက်စရာ။

ဘိုးမြသိန်း၏ လောဘစိတ်ကို ရိပ်စားမိနေသော ကိုမျိုးကျော်က–

"ဘာကြောင့်လဲ ဘိုးလေး။ ဘိုးလေးတို့ ပြောတော့ သုံးနှစ်လို့ ကတိပေးထားတယ်လေ။ပြီးတော့ ကျွန်တော့်ရဲ့ကတိအတိုင်း ပေးသင့် ပေးထိုက်တာကို ဘိုးလေးတို့ကိုပေးတာပဲ"

ဘိုးမြသိန်းမှာ လောဘဇောတိုက်၍ ကိုမျိုးကျော်တို့အား သုံးနှစ်လို့ ကတိပေးထားပြီးမှ ပစ္စည်းဥစ္စာအတွက်ကြောင့်ပင် ကိုယ်ကျင့်တရားကိုမှ မငဲ့ကွက်။ ကိုယ့်ထက်နိမ့်ပါးသူကို ညှာတာထောက်ထားမှုမရှိ။

"အဲ့တာတွေ ငါမသိဘူးကွာ။ ငါသိတာ မင်းတို့ဆက်မလုပ်ဖို့ တစ်ခါတည်းလာပြောတာ"

"ဘိုးလေးရယ် အဲ့ဒီလိုတော့မလုပ်ပါနဲ့ဗျာ"

ကိုမျိုးကျော် တောင်းတောင်းပန်ပန်နှင့်ဆိုသော်လည်း ဘိုးမြသိန်း က သူ့၏ဆုံးဖြတ်ချက်ကို ပြင်ရန် စိတ်ကူးရှိဟန်မတူ။

"ငါ ဘာအကြောင်းပြချက်မှ မပေးနိုင်ဘူး။ မင်းတို့ကိုလဲ ပေးစရာမလိုဘူး ထင်တယ်။ ငါ့လယ် ငါပြန်ယူတာ အကြောင်းပြချက်ပေး စရာလိုသေးလို့လား။ မျိုးကျော်ရ"

ဘိုးမြသိန်း၏အသံမှာ ပြတ်တောင်းလွန်းလှသည်။ သူ၏ရင်ထဲတွင်တော့ လောဘမီးများတောက်လောင်နေသည်။ မှားသည်မှန်သည်ဟူ၍ မစဉ်းစားတော့ စိတ်၏ဆောင်ကြဉ်းရာကိုသာ လုပ်တော့သည်။

"ဘိုးလေး လူကြီးဖြစ်ပြီးဗျာ"

ဘိုးမြသိန်းမှာ အနာပေါ်တုတ်ကျ၍ မျက်နှာကြီး နီရဲကာ ကျားရဲတစ်ကောင်လို ဒေါသူပုန်ထနေသည်။ သို့သော် ဘာမျှတော့ မလုပ်ရဲပေ။ အင်အားခြင်းက မမျှ။

ကိုမျိုးကျော်၏ အသံမှာလည်း အက်ကွဲ၍ ငိုသံစွက်လာသည်။ မျက်နှာမှာ မဲ့၍လာ၏။ သူ့တွင်ဘာမျှမတတ်နိုင်တော့၊ မမိငယ်၏ မျက်ဝန်းညို့ညို့တွင်လည်း မျက်ရည်ဥကလေးများ တွဲလွဲခိုနေသည်။

ကိုမျိုးကျော်က စိတ်ကိုအတတ်နိုင်ဆုံးထိန်းကာ အချေအတင် မဖြစ်ချင်တာနှင့် အလျင်စလို ထထွက်သွားသော ဘိုးမြသိန်း၏ ကျောပြင်ကို ကြည့်လျက် သက်ပြင်းမောကို အခါခါချမိသည်။ ဘိုးမြသိန်း သူ၏မြင်ကွင်းတွင် ပျောက်သွားသည်နှင့်တစ်ပြိုင်နက် မျက်ဝန်း၌ မျက်ရည်များ စို့တက်လာပြန်သည်။ကိုမျိုးကျော်၏ စိတ်တို့သည် ဆောက်တည်ရာမဲ့စွာ အဝေးသို့ မျှော်ငေးကြည့်နေပြီး အညာမြူခိုးတို့နှင့်အတူ တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွားသည်။

---

## ရွှေအိုးပမာ မြတ်ပညာ

– တက်လူငယ် မောင်မယ်များ
ကြိုးစားကြ မြတ်ပညာ၊
ပညာသည် ရတနာမျိုး
ရွှေအိုးပမာ၊
သုံးစွဲလို့ မကုန်ပါ
တန်ဖိုးမှာ လွန်ကြီးမား၊
ဆိုးကောင်းကို ဝေဖန်တတ်လို့
မြင့်မြတ်ပေသား။

– ပညာကို တန်ဖိုးထားမှ
စံတိုးပွား လူတို့ဘောင်၊
ပန်းတိုင်ဆီ မျှော်ရည်လျက်
ရှေ့ဆက်ခုနှောင်၊
ဖွဲလုံ့လ ဝီရိယဆောင်
ပျင်းရိရှောင် အားမာန်တင်း၊
ပညာတွေကို သင်ယူသွားလို့
နိုးကြားစေမင်း။

– အမိုက်မှောင် ဖယ်ခွာရှင်း
ပညာအလင်း ရောင်လျှံဝေ၊
ပညာသည် ရတနာစစ်မို့
ထုဆစ်ရှာဖွေ၊
အောင်မြင်မှု ရလဒ်တွေ
ဆထက်မသေ့ တိုးပွားရေး၊
စိတ်သန္တာန်မှာ တန်ခိုးလွှမ်းလို့
ကြိုးပမ်းမယ်လေး။

ရဲသွေးနီ (တက်ဝန်)

---

# ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ထားဝယ် ဒီဇင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးရဲရင့်နိုင်နှင့် တာဝန်ရှိသူများက အလယ်ကုန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း အရှည် လေးဖာလုံ၊ အကျယ်၁၂ပေ အမြင့်၂ ပေ၉လက်မ မြေသားခင်းခြင်းနှင့် ဂဝံကျောက်ခင်းခြင်း၊ အလျား၁၈ပေ၊အနံ၄ပေ၉လက်မ အမြင့်၄ပေ၉လက်မရှိသော Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှတာဝန်ရှိသူများကို ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၅သန်းဖြင့် ကုန်ထုတ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ရှိုင်းသီရိဖြိုးကုမ္ပဏီက တာဝန်ယူ၍ စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**အထွေး**

# သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းအကြောင်း

**စိန်လှိုင်ဗိုလ်**

ရာဇဝတ်မှုများတွင် စစ်ဆေးစီရင်ဆုံးဖြတ်သော တရားရုံးသည် တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် ပြစ်ဒဏ်မှ လွတ်ကင်းခွင့်ပြုခြင်းနှင့်အတူ အမှုနှင့် တွဲတင်ထားသည့် သက်သေခံပစ္စည်းကို မည်သူ့ကို ပြန်ပေးထိုက်ကြောင်းကိုပါ တစ်ပါတည်း အမိန့်ချသည်။ တရားခံပြစ်ဒဏ်ချမှတ်ခြင်းခံရသော အခါ သက်သေခံပစ္စည်းမူလပိုင်ရှင်သို့ ပြန်ပေးသည် များရှိသကဲ့သို့ တရားခံပြစ်ဒဏ်မှ လွတ်ကင်းခွင့်ရသောအခါ မူလရုံးတရားလိုအား သက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း မပြုသည်များလည်း ရှိသည်။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ဗဟိုတရားရုံးက စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုနှစ်မှုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။


တောင်တွင်းကြီးမြို့၌ ဝါစက်၊ ဆေးရိုးစက်နှင့် အမှုန့်ကြိတ်စက်တို့ကို ဦးဘိုးစောဆိုသူ ပိုင်သည်။ ဦးဘိုးစော၏ ဇနီးနှင့် သားတို့မှာ ဒေါ်လှကြည်နှင့် မောင်သောင်းစိန်ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် ဦးဘိုးစောသည် ငြိမ်ဝပ်ပိပြားရေးဥပဒေ ပုဒ်မ-၅ အရ ထိန်းသိမ်းခြင်းခံရသဖြင့် ဝါစက်လုပ်ငန်းကို ဇနီးဒေါ်လှကြည်က ဆက်လက်ဆောင်ရွက်သည်။

သားဖြစ်သူမောင်သောင်းစိန်သည် အကျင့်စာရိတ္တ ပျက်ပြားသူတစ်ယောက်ဖြစ်ကြောင်း၊ မူးယစ်သောက်စားလျက်သာနေကြောင်း၊ မယားငယ် အငြိမ့်မင်းသမီးတစ်ယောက်လည်း ယူထားကြောင်း အမှုတွင် ထွက်ဆိုထားသည်။ ထို့ပြင် မောင်သောင်းစိန်သည် အငြိမ့်ထောင်ရန်အတွက် ငွေအရင်းအနှီးလို၍ ပစ္စည်းများထုခွဲရောင်းချပေးရန် မိခင်ဒေါ်လှကြည်ကို ပြောသည်။ မိခင်ဒေါ်လှကြည်က သဘောမတူကြောင်း ပြန်ပြောသောအခါ မိခင်ဒေါ်လှကြည်ကို အိမ်မှ ရိုက်နှက်နှင်ချလိုက်သည်။ ဒေါ်လှကြည်သည် ဆွေမျိုးများရှိရာ အောင်လံမြို့သို့ သွားရောက်နေထိုင်ရသည်။

မောင်သောင်းစိန်က ဦးဘိုးစောပိုင်ဝါစက်မှ စက်ပစ္စည်းများထုတ်ယူရောင်းချသောအခါ ဦးပေါက်၊ ဦးစစ်ယုံ၊ ဦးငယ်၊ ဦးစိန်ကြည်နှင့် ဦးကာဆူးတို့က ဝယ်ယူကြသည်။ ဦးငယ်သည် ငွေကျပ် ၂၀၄၀ တန် ပစ္စည်းများကို ဝယ်ယူသည်။ ဦးစစ်ယုံသည် ငွေကျပ် ၆၁၀၀ တန်ပစ္စည်းများကိုလည်းကောင်း၊ ဦးပေါက်သည် ငွေကျပ် ၄၅၀ တန်ပစ္စည်းများကိုလည်းကောင်း၊ ဦးစိန်ကြည်သည် ငွေ ၈၂၅ ကျပ်တန်ပစ္စည်းများကိုလည်းကောင်း၊ ဦးကာဆူးသည် ငွေကျပ် ၄၀၀ တန်ပစ္စည်းများကိုလည်းကောင်း အသီးသီး ဝယ်ယူကြသည်။

ဦးဘိုးစောသည် ထိန်းသိမ်းခြင်းခံရရာမှ လွတ်လာသောအခါတွင် မောင်သောင်းစိန်သည် မိမိဝါစက်မှ ပစ္စည်းများကို ဖြုတ်ယူရောင်းချကြောင်း ရဲစခန်းတွင် တိုင်တန်းသည်။ ထို့ကြောင့် မောင်သောင်းစိန်အပေါ် ပစ္စည်းခိုးမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ သတ်မှတ်၍ တောင်တွင်းကြီးမြို့နယ်တရားရုံးက စစ်ဆေးကြားနာရာ တရားခံက အပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ် ငါးလအပြစ်ပေး၍ ဦးဘိုးစော၏ စက်မှ ဖြုတ်ယူရောင်းချသည့် သက်သေခံပစ္စည်းများကို ဦးဘိုးစောအား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

မောင်သောင်းစိန်ထံမှ ပစ္စည်းဝယ်သူ ငါးဦးတို့က မိမိတို့သည် မောင်သောင်းစိန်ရောင်းချသော စက်ပစ္စည်းများကို သဘောရိုးဖြင့် ဝယ်ယူသောကြောင့် မိမိတို့ကို ပြန်ပေးသင့်ကြောင်း ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။ ဗဟိုတရားရုံးက




မောင်သောင်းစိန်သည် ဦးဘိုးစော၏ ကိုယ်စားလှယ် မဟုတ်ကြောင်း၊ ဦးဘိုးစောထိန်းသိမ်းခံရသော အချိန်တွင် ဇနီးဖြစ်သူ ဒေါ်လှကြည်က လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ မောင်သောင်းစိန်သည် သားဖြစ်သူအနေဖြင့် ဝါစက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိမည်ဖြစ်သော်လည်း ဦးဘိုးစောပိုင်စက်ပစ္စည်းများကို ရောင်းချနိုင်ခွင့်မရှိကြောင်း၊ ယခုအမှုတွင် မောင်သောင်းစိန်သည် မိခင်ဖြစ်သူကို အိမ်တွင် မနေနိုင်အောင် နှိပ်စက်နှင်ချပြီး ဖခင်နှင့် မိခင်မရှိသောအချိန်၌ စက်ပစ္စည်းများကို ရောင်းချခြင်းဖြစ်ကြောင်း စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ဦးငယ်ပါ ငါးဦးတို့သည် ယင်းပစ္စည်းများကို မိမိတို့သည် ပြေစာဖြတ်ပိုင်းများ ရေးသားပြီး ရိုးသားစွာဝယ်ယူကြောင်း တင်ပြခဲ့ကြသည်။ ထိုကဲ့သို့ သဘောရိုးဖြင့် ဝယ်ယူသည်ဆိုခြင်းကို လက်ခံသော်လည်း ဤသို့သော အဖိုးတန်အသုံးဝင်ပစ္စည်းများကိုဝယ်ယူကြရာ၌ သေချာစွာ စိစစ်စုံစမ်းပြီးမှ ဝယ်ယူသင့်ကြောင်း၊ **ပြင်ဆင်မှုလျှောက်ထားကြသူတို့သည် ယင်းပစ္စည်းများကို သဘောရိုးဖြင့် ဝယ်တန်ရာသည်ဟု မူလတရားရုံးက ယူဆ၍သာ ၎င်းတို့အပေါ် ခိုးရာပါပစ္စည်းလက်ခံသူများအဖြစ် အရေးမယူခဲ့ခြင်းဖြစ်ကြောင်း ပြင်ဆင်မှုရုံးတော်က စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။**

လျှောက်ထားသူများသည် သဘောရိုးဖြင့် ဝယ်ယူသည်ဆိုစေကာမူ ရောင်းပိုင်ခွင့်မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့်ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မူလရုံးနှင့် တိုင်းတရားရုံးက သဘောတူညီစွာ သက်သေခံပစ္စည်းများကို ဦးဘိုးစောထံ ပြန်ပေးရန် ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ၍ လျှောက်ထားသူ ငါးဦးတို့နှင့် ပတ်သက်သော ပြင်ဆင်မှုကို ဗဟိုတရားရုံးက ပလပ်ခဲ့သည်။

ခိုးမှုမှ သက်သေခံပစ္စည်းများပြန်လည်ရရှိရန် လျှောက်ထားရာ ပြေစာဖြတ်ပိုင်းဖြင့် ရိုးသားစွာ ဝယ်ယူကြခြင်းဖြစ်စေကာမူ ရောင်းပိုင်ခွင့်မရှိသော သူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့်ရရှိမည် မဟုတ်ကြောင်း **ဦးငယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဦးဘိုးစော)၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၁၂၈ (ခ) စီရင်ထုံးက** ပြဋ္ဌာန်းခဲ့ကြောင်း တင်ပြလိုက်ရပါသည်။

နောက်တစ်မှု ထပ်မံတင်ပြပါဦးမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ သက်သေခံပစ္စည်းနှင့်ပတ်သက်၍ အမှုပြီးဆုံးသောအခါ တရားရုံးက သက်သေခံပစ္စည်းကို မည်သူ့လက်ဝယ်ထားရှိထိုက်သည်ဟူသောအချက်ကို အလေးထား၍ ဆုံးဖြတ်ခြင်းနှင့် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းမဟုတ် ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်း ကျရောက်ကြောင်း ညွှန်ပြသည့် လမ်းညွှန်စီရင်ထုံးတစ်ခု ဖြစ်ပါသည်။

ဒေါ်စိန်အေးက ဦးမြဆိုသူအပေါ် ပြင်ဆင်ပေးရန် ယုံကြည်အပ်နှံထားသော မော်တော်အင်ဂျင်စက်ကို အလွဲသုံးစားပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၀၆ အရ တရားစွဲဆိုခဲ့သည်။ ရန်ကုန်မြို့အနောက်ပိုင်းနယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်-၈၅၆/ ၆၀ ၌ စစ်ဆေးကြားနာပြီးနောက် တရားခံဦးမြအား အပြီးအပြတ်လွှတ်၍ သက်သေခံအင်ဂျင်စက်ကို ဦးမြထံမှ ဝယ်ယူခဲ့သူ ဦးသန်းနှင့် ဦးသိန်းတို့သို့ ပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

မူလရုံးတရားလို ဒေါ်စိန်အေးက မကျေနပ်သဖြင့် ဦးမြအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ်-၇၉/၇၂ အရ အယူခံဝင်ခဲ့သော်လည်း ထိုအယူခံမှုကို ပလပ်ခဲ့သည်။ ထို့ပြင် မူလရုံးက အမိန့်ချမှတ်ခဲ့သော သက်သေခံပစ္စည်းနှင့်ပတ်သက်သည့် အမိန့်ကိုလည်းပယ်ဖျက်ပေးပါရန် ဒေါ်စိန်အေးက လမ်းမတော်မြို့နယ်ရုံးထိုင် ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ်-၃/၇၃ အရ လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက မူလရုံးအမိန့်ကိုသာ အတည်ပြုပြီး အထွေထွေမှုကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါ်စိန်အေးက ဗဟိုတရားရုံးသို့ တစ်ဆင့်တက်၍ သက်သေခံပစ္စည်းနှင့် ပတ်သက်သောအမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှုလျှောက်ထားလာခဲ့ပါသည်။

ဗဟိုတရားရုံးက စိစစ်သုံးသပ်ရာတွင် မူလရုံးသည် အမှုတွင် ပေါ်ထွက်လာသော သက်သေခံချက်များကို သုံးသပ်ပြီးမှ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမိန့်ချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံးသည်လည်း လုပ်ထုံးလုပ်နည်းသာဓကများနှင့် ညှိနှိုင်း၍ ထိုအမိန့်ကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်ဟု ထောက်ရှုဝေဖန်ခဲ့ပါသည်။

အမှုတွင် ရဲက ထိုစက်ကို ဦးသန်းနှင့် ဦးသိန်းတို့ထံမှ သိမ်းယူပြီး တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သည်။ အမှုပြီးဆုံးသောအခါ တရားရုံးက ဦးမြအပေါ် ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိရသဖြင့် အပြီးအပြတ်လွှတ်ပြီးလျှင် သက်သေခံစက်ကို မူလက သိမ်းယူခဲ့သော ဦးသန်းနှင့် ဦးသိန်းတို့ထံ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ကြောင်း၊ ထိုပုဒ်မအရ သက်သေခံပစ္စည်းကို မည်သူ့လက်ဝယ်ထားရှိထိုက်သည်ဟူသောအချက်ကို အလေးထား၍ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခဲ့ခြင်းမဟုတ်သေးကြောင်း၊ ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်း ကျရောက်သည်ဖြစ်၍ တရားမကြောင်းအရသာ အရေးယူပိုင်ခွင့်ရှိကြောင်း ဆင်ခြင်သုံးသပ်လျက် အောက်ရုံးအမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိသဖြင့် ပြင်ဆင်မှုကို ပလပ်လိုက်ပါသည်။

ဤအမှုတွင် တရားခံပြစ်ဒဏ်မှ လွတ်မြောက်သည်။ ဦးမြထံမှ ဦးသန်းနှင့် ဦးသိန်းတို့ ဝယ်ယူခဲ့သော သက်သေခံအင်ဂျင်စက်ကို ဦးသန်းနှင့် ဦးသိန်းတို့သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ သက်သေခံပစ္စည်းနှင့်ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း ပြဋ္ဌာန်းသော **ဒေါ်စိန်အေးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် – ၄၃၅(ခ)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ခရစ္စမတ်နေ့ကို အကျိုးရှိစွာဖြတ်သန်းသွားစေလို

နှစ်စဉ် ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံး အလှူအတန်းများနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကြသည်။ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင် လူငယ်များသည် လူကြီးမိဘများထံမှ ခရစ္စမတ်လက်ဆောင်များနှင့် ခရစ္စမတ်ကတ်များ ရရှိကြသဖြင့် မျက်နှာများပေါ်တွင် ပျော်ရွှင်မှုနှင့်အတူ အပြုံးများဖုံးလွှမ်းလျက်ရှိသည်။ လူငယ်များ၏ ပျော်ရွှင်မှုသည် လူကြီးများကို ကူးစက်စေသည်။ စင်စစ်အားဖြင့် လူကြီးများသည် လူငယ်များကို ယဉ်ကျေးသိမ်မွေ့မှုရှိစေရန်၊ ကူညီရိုင်းပင်းတတ်စေရန်၊ ပေးကမ်းစွန့်ကြဲတတ်စေရန်နှင့် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်တတ်စေရန် အတွက် သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမ၊ အစဉ်အလာတို့ဖြင့် စည်းရုံးဆောင်ရွက်ထားခြင်းဖြစ်သည်။

**ခရစ္စမတ်နေ့ဆိုသည်မှာ**

ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ်တော်မွေးနေ့ (Christmas Day) အဖြစ် ကျင်းပကြသည်။ ဘာသာရေးနှင့်ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သောနိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့် ကုမ္ပဏီများပိတ်ထားကြသည်။ အချို့သောနိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်သစ်ကူးနေ့(New Year's Day)ထိ ရက်ရှည်ရုံးပိတ်ပေးထားလေ့ရှိသည်။ မြန်မာ့ရိုးရာမဟာအတာ သင်္ကြန်ပွဲတော်ကာလကဲ့သို့ပင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်**

အမှန်တော့ နှစ်စဉ် ဒီဇင်ဘာလဆန်းဆိုသည် နှင့် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်အားလုံးသည် ခရစ္စမတ်ကာလအတွက်ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ အားလုံးသည် ခရစ္စမတ်ကာလတွင် အပြန်အလှန်လက်ဆောင်ပေးသွားမည်၊ အလှူအတန်းပြုမည်၊ မိသားစုများဆုံစည်းမည်၊ ချက်ပြုတ်စားကြမည်၊ ပျော်ပွဲစားထွက်မည်ဆိုသော အပျော်စိတ်များဖြင့်ကြည်နူးနေကြသည်။ မည်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွင်မဆို လှူဒါန်းပေးကမ်းခြင်းကိုသာ အခြေခံထားလေ့ရှိသည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်မည်ဆိုလျှင် လုပ်ဆောင်မှုမှန်သမျှတွင် ဒါနကိုသာ အခြေခံထားသည်မဟုတ်ပါလား။

ဆိုရလျှင် ဒီဇင်ဘာလဆန်းသည်နှင့် ဥရောပနိုင်ငံများတွင် ခရစ္စမတ်နေ့ဂုဏ်ပြုရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများ၊ သီချင်းများ ထုတ်လွှင့်ပြသလေ့ရှိသည်။ လမ်းများ၊ ကုန်တိုက်များနှင့် အထင်ကရအဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည် ရှုမငြီးစရာပင်ဖြစ်သည်။

ခရစ္စမတ် အကြိုအထူးဈေးရောင်းပွဲများလည်း ပြုလုပ်လေ့ရှိသည်။ အနောက်နိုင်ငံများတွင် ကုန်တိုက်ကြီးများ၌ ခရစ္စမတ်အကြိုကာလတွင် နှစ်ဆန်းကတည်းက တင်ထားသောအဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို လျှော့ဈေးဖြင့်ရောင်းချပေးလေ့ရှိသည်။ ငွေကြေးချို့တဲ့သူများသည် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် လျှော့ဈေးဖြင့်ရောင်းသောပစ္စည်းများကိုဝယ်ယူဖြည့်တင်းထားလေ့ရှိကြသည်။

**ခရစ္စမတ်ဘိုးဘိုး**

ခရစ္စမတ်ပွဲတော်ကာလတွင် အဓိကကျသောဇာတ်ဆောင်သည် ခရစ္စမတ်ဘိုးဘိုးဖြစ်သည်။ ခရစ္စမတ်ဘိုးဘိုးသည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သောပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသောအနီရောင်ကုတ်အင်္ကျီနှင့်ဘောင်းဘီရှည်ပွပွကြီးတို့ကို ဝတ်ဆင်ထားပြီး ခါးတွင်ခါးပတ်အနက်ကြီးစည်းထားသည်။ ခေါင်းစွပ်ဦးထုပ်ဆောင်းထားပြီး အနက်ရောင်ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည်။ ခရစ္စမတ်ဘိုးဘိုးသည် ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများ ထည့်ထားသည့်အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်




ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိကလေးများ၏အင်အားစာရင်းကို နှစ်စဉ်ပြုစုထားသည်ဟုဆိုသည်။ လိမ္မာယဉ်ကျေးသောကလေးများ၊ ဆိုးသွမ်းသောကလေးများ၊ အပြုအမူရိုင်းစိုင်းသောကလေးများ၊ နူးညံ့သိမ်မွေ့သောကလေးများ ဟူ၍စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများကို ကစားစရာအရုပ်များနှင့် ချောကလက်များလက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟုဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ်ရှိ၊ မရှိကိုမူ မည်သူမျှအတိအကျပြောနိုင်မည်မဟုတ်ချေ။ ကလေးများ လိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်းဖြစ်နိုင်ပါသည်။

စင်စစ်အားဖြင့် ခရစ်ယာန်ဘာသာဝင်မိဘများသည် ဒီဇင်ဘာ ၂၄ ရက် ညပိုင်း၌ကလေးများအိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းထုပ်များကို ခရစ္စမတ်သစ်ပင်အောက်တွင်ချပေးထားခြင်းဖြစ်သည်။ ခရစ္စမတ်နေ့ နံနက်စောစော ကလေးများအိပ်ယာထသည့်အချိန်တွင် ထိုလက်ဆောင်ပစ္စည်းများကို တွေ့ရှိပြီး ဝမ်းမြောက်ကြည်နူးစေရန်ပင်ဖြစ်သည်။ မည်သည့် ဘာသာအယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင်ဖြစ်သည်။

ကလေးငယ်များကို ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် လူကြီးမိဘများအနေဖြင့် ဒီဇင်ဘာ ၂၄ ရက် ညပိုင်းတွင် ဝိုင်းဖွဲ့သောက်စားမူးယစ်အော်ဟစ်နေမည့်အစား ခရစ္စမတ်သစ်ပင်အောက်၌ ကလေးများအတွက် ခရစ္စမတ်လက်ဆောင်များထားပေးသွားသင့်ပေသည်။ မည်သည့်အရာကိုလုပ်ဆောင်သည်ဖြစ်စေ မိမိနှင့်မိမိပတ်ဝန်းကျင်၊ မိမိမျိုးဆက်များ အကျိုးရှိဖို့တော့လိုပါသည်။

**ကြည်နူးဖွယ်ရာကာလ**

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေပါဝင်သောအရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံမီးလုံးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။

အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် ဒီဇင်ဘာ ၂၄ ရက်တွင် ခရစ္စမတ်အကြိုနေ့ အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကိုလှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများသီဆိုကာ ဆုတောင်းမေတ္တာပို့ပေးကြသည်။ အချို့သောအိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များပေးကြသည်။ အပြန်အလှန်မေတ္တာထားခြင်းဖြစ်သည်။ ချစ်စရာကောင်းသောအလေ့အထပင်ဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာန၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများပေးပို့ရန် ကြိုတင်ပြင်ဆင်ကြရသည်။ စင်စစ်အားဖြင့် ခရစ္စမတ်နေ့၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများစုစည်းကာ ရိုးရာအစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများ ကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ အပြန်အလှန် အလှူအတန်းပြုလုပ်ရသောကြောင့် ကြည်နူးစရာအချိန်ကာလပင်ဖြစ်သည်။

**ခရစ္စမတ်နေ့ကိုအကျိုးရှိစွာ ဖြတ်သန်းသွားစေလို**

မြန်မာနိုင်ငံတွင်လည်း လူငယ်အချို့သည် ခရစ္စမတ်နေ့အခမ်းအနားများ ပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်ပါသည်။ သို့သော် ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများလည်းရှိလာကြသည်။ အချို့သောမြန်မာမိန်းကလေးများသည် အရက်၊ ဘီယာသောက်လာကြသည်။ ညဉ့်နက်သန်းခေါင်ထိ အပျော်လွန်ကြသဖြင့် လမ်းမှားရောက်တတ်ကြသည်။ အရက်တကွဲအကျိုးနည်းဖြစ်ကြရသည်။ သောက်စားမူးယစ်ကာ ယာဉ်မောင်းကြသဖြင့် ယာဉ်တိုက်မှုများဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိမှုများရှိလာသည်။ အချို့ဆိုလျှင် အသက်ပင်ဆုံးရှုံးရသည်။ အချို့သောလူငယ်များသည် ခရစ္စမတ်နေ့ကို မြန်မာတို့၏ပွဲတော်တစ်ခုအဖြစ်ခံယူကာ သောက်စားပျော်ပါးလာကြသည်။ အမှန်စင်စစ်မှာမူ မြန်မာရိုးရာပွဲတော်များတွင်လည်း အသောက်အစားပြုလုပ်ရန် တရားဝင်ခွင့်ပြုထားခြင်းမရှိပေ။ အချို့သော စီးပွားရေးအမြတ်ထုတ်လိုသူများကြောင့် လူငယ်များသည် လမ်းမှားသို့ရောက်ရှိနေကြခြင်းဖြစ်သည်။

အမှန်တော့ လူတိုင်းသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များ ရှိကြပါသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့်မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည်တစ်ဦးတည်း နေထိုင်သောသတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။

အထူးသဖြင့် မိမိမွေးဖွားရာဒေသ၊ နိုင်ငံ၏ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန်လိုအပ်သည်။ ထိုသို့တန်ဖိုးထားတတ်သည့် စိတ်သဘောထားကို မျိုးချစ်စိတ်ဓာတ်ဟုအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ရုပ်ရှင်၊ ဂီတအနုပညာရှင်များအနေဖြင့်လည်း ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယင်သင့်သည်။ လူငယ်များသည် အတုခိုးမှုမြန်ဆန်သည်။ စာပေပညာရှင်ကြီးများကလည်း ပညာပေးစာပေများကိုရေးသားသွားသင့်သည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုသာမရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ်အရွက်ဖုံးကာ တဖြည်းဖြည်းမှေးမှိန်လာနိုင်ပါသည်။

ဆိုရလျှင် တစ်ကမ္ဘာလုံးဆက်စပ်ပြောင်းလဲနေသောခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ ဆိုရလျှင် ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်သည်။ ထိုနေ့တွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များကို လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်သည်။ ထိုနေ့ကို အကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏ အနှစ်သာရပျက်ပြယ်သွားနိုင်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့သောလူငယ်များပီပီ ကျန်းမာရေးဆိုင်ရာစံနှုန်းများနှင့်အညီ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ရင်း ခရစ္စမတ်နေ့ကို အကျိုးရှိစွာဖြတ်သန်းသွားစေလိုကြောင်း ရေးသားလိုက်ပါသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)







## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အမက-ထနောင်းပင်လှကျောင်းမှ Grade-3 တန်းတွင် ပညာသင်ကြားနေသော မယွန်းဝတီ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေးစာရင်းအရ ဦးရဲမင်းဖြစ်ပါကြောင်း။ **ဦးရဲမင်း(၉/တသန(နိုင်)၀၉၆၈၇၂)**

## အမည်မှန်

မြင်းခြံမြို့၊ Victory Land ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-2 တွင် ပညာသင်ကြားနေသော မဖြိုးဝေနှင်း (ဘ) ဦးညီညီလွင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မဖြိုးဝေခေတ် ဖြစ်ပါကြောင်း။ **မဖြိုးဝေခေတ်**







## တစ်ဦးတည်းဖြစ်ပါကြောင်း

အမရပူရမြို့နယ်၊ မှန်တန်းအုပ်စု၊ မြေပဲတန်းရပ်နေ ဦးအောင်ကျော်ထွန်း၏သမီး ဒေါ်မေကဗ္ဗနာထွန်း (ခ) ဒေါ်မေကဗ္ဗနာထွန်း (၉/သပက(နိုင်)၀၈၃၃၉၆)အမည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မေကဗ္ဗနာထွန်း (ခ) ဒေါ်မေကဗ္ဗနာထွန်း(၉/သပက(နိုင်)၀၈၃၃၉၆)**

## အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၈-၂၇/၅၁၊ (ဆ)ရပ်ကွက်နေ ဒေါ်ပြုံး(၉/မနတ(နိုင်)၀၄၅၉၁၄ မှ မန္တလေးမြို့၊ အကွက် (၄၁)သံလျက်မော်အနောက်နေ ဒေါ်ခင်မာဌေး(၉/မနတ(နိုင်)၀၃၉၆၃၈)ပိုင်ဆိုင်သော ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်၊ (ဆ)ရပ်ကွက် ၈၈-၂၇/၅၁ မြောက်အစွန်ဆုံးနှင့်ကပ်လျှပ် (၁၅'x၄၀')မြေကို ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ပြီး ဝယ်ယူပြီးဖြစ်ပါသဖြင့် အဆိုပါမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပြုံး(၉/မနတ(နိုင်)၀၄၅၉၁၄)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ...**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့်လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တပ်မတော်(ရေ)က တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)က တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း"ကို ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တပ်မတော်(ရေ)က တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့်ရေချပေးခြင်းမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..